ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ စနေနေ့၊ (23-7-2005) (၄၆၆၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်　ဇူလိုင်　၂၃

၂၀၀၅ခုနှစ် ဇူလိုင် ၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဟို(စ်)နီ မူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အယ်လ်ဂျီးရီးယား သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန်　ဇူလိုင်　၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ နာဆီယာ၊ ဘိုချီရစ်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာနာဆီယာ၊ ဘိုချီရစ်က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (ယာပုံ) **နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာနာဆီယာ၊ ဘိုချီရစ်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။** (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၃-၇-၂၀၀၅
(စနေနေ့)

ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများထိန်းသိမ်း တစ်သွေးတည်း တစ်သားတည်း တက်ညီလက်ညီကြိုးပမ်း

နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်းအပေါ် အမှီပြု၍ ပစ္စုပ္ပန်နှင့်အနာဂတ်တို့ကို ဆက်စပ်ပြီး နိုင်ငံတော်တစ်ရပ်လုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်နေသည်။

မြန်မာနိုင်ငံ၏ ရှည်လျားခိုင်မာသော သမိုင်းကြောင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုအား ဆတ်ဆတ်ထိမခံ တွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီဆန့်ကျင်ရေး စိတ်ဓာတ်တို့ကို အထင်အရှားတွေ့နိုင်သည်။ ထိုသို့သော အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်တို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ထာဝစဉ် တည်တံ့ခိုင်ခံ့နေစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။

ယင်းသို့သော တိုင်းရင်းသားပြည်သူများအားလုံး၏ စည်းလုံးမှုစွမ်းအား၊ ညီညွတ်မှုအစဉ်အလာကောင်းများဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြသကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကို ဆက်လက်ပါဝင်တည်ဆောက်သွားကြရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပေသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာရေးနှင့် ယှဉ်တွဲလျက် စက်မှုဖွံ့ဖြိုးသောနိုင်ငံတော် ပေါ်ပေါက်လာရေးတို့အတွက် နိုင်ငံတော်ကဏ္ဍနှင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းကဏ္ဍတို့ ဟန်ချက်ညီညီ ပေါင်းစပ်ဖော်ဆောင်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်၏ မှန်ကန်သောဦးဆောင်မှုနှင့်အတူ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့က အေးချမ်းတည်ငြိမ်ရေး စိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးထမ်းပဲ့ထမ်း ဆောင်ရွက်နေကြပြီဖြစ်သည်။

ယင်းသို့ နိုင်ငံတစ်ဝန်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းအားထုတ်မှုများကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှု၏အသီးအပွင့်များ အောင်မြင်ဖြစ်ထွန်းနေသည်။ ဒေသအလိုက် တည်ငြိမ်အေးချမ်းသာယာမှု အကျိုးရလဒ်ကောင်းများကို တိုင်းရင်းသားပြည်သူများ ရရှိခံစားနေကြရပြီဖြစ်သည်။

သို့သော်လည်း ပြည်ပသြဇာခံလက်ပါးစေများနှင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများက နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား ထိခိုက်ဆုံးရှုံးစေရန် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများ ပြုလုပ်လျက်ရှိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အောင်မြင်မှုရလဒ်များ ပျက်စီးရာပျက်စီးကြောင်း သွေးခွဲစွပ်စွဲပြောဆိုမှုများ လုပ်ဆောင်နေကြကြောင်း တွေ့မြင်ကြားသိ နေရသည်။ အဆိုပါအဖျက်သမားများ၏ အကြံအစည်နှင့်အဖျက်အမှောင့်လုပ်ရပ်မှန်သမျှကို ပြည်သူတိုင်းက အစဉ်သတိပြု တားဆီးသွားကြရမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် သာမန်ကြိုးပမ်းအားထုတ်ရုံမျှဖြင့် မလုံလောက်ပေ။ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ ခိုင်မာသောစိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့် စွမ်းပကားများဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းနိုင်မှသာ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖြစ်ထွန်းရရှိနေပြီဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စု စိတ်ဓာတ်အခြေခံဖြင့် တစ်သွေးတည်း တစ်သားတည်း တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအောင်သောင်းအား တရုတ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Pharmaceutical Foreign Trade Corporation မှ ဥက္ကဋ္ဌ Mr. Li Zhixin နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ညနေ ၅နာရီခွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း သုဝဏ္ဏမြို့ သံသုမာလမ်းရှိ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင်ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဩဂုတ် ၃ရက်မှ ၁၂ရက်အထိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ နာယက သုဝဏ္ဏသိင်္ဂီ ဓမ္မရိပ်သာကျောင်း၏ ပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကစ္စာယန အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာဦးသိန်းရွှေ(မကွေး) တို့က ပဋိစ္စသမုပ္ပာဒ် သစ္စာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့်ယောဂီများ ဩဂုတ် ၂ ရက် ညနေ ၅နာရီအရောက် လာရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

တရားသူကြီးချုပ် ဦးအောင်တိုးအား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thambynathan Jasudasen တရားရုံးချုပ် တရားသူကြီးချုပ်၏ ရုံးခန်းသို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အီဂျစ်အမျိုးသားနေ့ ဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၅ ခုနှစ် ဇူလိုင် ၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာမက် အာဘူ(လ်)ဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

သစ်ဆိမ့်ပင်စိုက်ပျိုး

ဇူလိုင် ၁၁ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမြသန်း (ငြိမ်း) ဦးဆောင်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ရန်ကုန်မြို့တော် အမြဲစိမ်းလန်းစိုပြည်သာယာရေးအတွက် နှစ်ရှည်သစ်ပင်များစိုက်ပျိုးကြရာ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးကြီး ဝင်းနောင် သစ်ဆိမ့်ပင်ကို စိုက်ပျိုးပေးစဉ်။ (မြို့နယ်စစ်မှုထမ်းဟောင်း)

တရားသူကြီးချုပ် ဦးအောင်တိုးအား စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၂

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုးအား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thambynathan Jasudasen သည် ယနေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ် တရားသူကြီးချုပ်၏ရုံးခန်းသို့ လာရောက်၍ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်၊ ညွှန်ကြားရေးမှူး ဦးထင်ဇော်နှင့် ရုံးအဖွဲ့မှူး ဦးမြင့်သိန်းတို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ရှိပြီး စွမ်းရည်ပြည့်ဝထက်မြက်သည့် ခေတ်မီတပ်ဖွဲ့ဖြစ်ရန်လို လုံခြုံရေးကိစ္စများကို ရဲတပ်ဖွဲ့ဝင်များသာမက ပြည်သူလူထုကပါ ဝိုင်းဝန်းကူညီလာရန် စည်းရုံး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ ၂၀၀၅ ခုနှစ် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဥပဒေကို ကိုယ်စားပြုကာ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်နေသည့် အဖွဲ့အစည်း၊ လက်နက်ကိုင်အဖွဲ့အစည်း၊ ပြည်သူများနှင့် အမြဲထိတွေ့ဆက်ဆံနေရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အခြေခံကျကျ ပြောင်းလဲလာရန်နှင့် စနစ်ကျသော တပ်ဖွဲ့ဖြစ်ရေး၊ ပြည်သူချစ်သော တပ်ဖွဲ့ဖြစ်ရေး၊ နိုင်ငံတော် ကာကွယ်ရေးအင်အား တစ်ရပ်ဖြစ်ရေး တို့အတွက် ရည်ရွယ်ချက်ထားကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီကို ၁၉၉၄ခုနှစ်ကပင် ဖွဲ့စည်းပြီး ဆပ်ကော်မတီခြောက်ရပ်နှင့်အတူ ကြီးကြပ်ဆောင်ရွက် လုပ်ကိုင်ခဲ့သည်မှာ ၁၀နှစ်ကျော်ရှိလာပြီဖြစ်ကြောင်း။

တံစိုးသုံးပါးရှောင်ရှား

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ရှိပြီး စွမ်းရည်ပြည့်ဝထက်မြတ်သည့် ခေတ်မီတပ်ဖွဲ့ဖြစ်ရန် လိုအပ်ကြောင်း၊ ရဲတပ်ဖွဲ့၏ အဓိကတာဝန်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်ရာတွင်ဆန္ဒ၊ဒေါသ၊ ဘယ၊ မောဟဆိုသည့်အဂတိ တရားလေးပါး၊ တံစိုး သုံးပါးတို့ကို ရှောင်ရှားရန်လိုကြောင်း၊ ပြစ်မှုကျူးလွန်သူအစစ်အမှန်ကို ဖော်ထုတ်ပြီး ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုံခြုံရေးကိစ္စများကို ရဲတပ်ဖွဲ့ဝင်များသာမက ပြည်သူလူထုကပါ ဝိုင်းဝန်းကူညီ ဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုံခြုံရေးတာဝန်ဆောင်ရွက်ရာတွင် တပ်ဖွဲ့ဝင်တိုင်း လုံခြုံရေးသတိ၊ လုံခြုံရေးအသိရှိပြီး အဆင့်ဆင့်စစ်ဆေးကြပ်မတ်ရန် လိုအပ်ကြောင်း၊ ရဲတပ်ဖွဲ့သည် အရေးကြုံလာလျှင် တပ်မတော်နှင့်အတူ လက်တွဲပြီး နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် တပ်ဖွဲ့ဖြစ်လာအောင် ပြင်ဆင်လေ့ကျင့်ထားရန် လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းက ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်နယ်၊ တိုင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့၏ မှာကြားချက်များနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ရည်မှန်းချက် တာဝန်များကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက လုပ်ငန်းဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်က မှုခင်းကျဆင်းရေးနှင့် ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးတို့ကိုလည်းကောင်း ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်း အမှတ်စဉ် (၈/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့် အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲ
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ယွန်းထည်အတတ်ပညာ
၈း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ (ပွဲစဉ်-၅)
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	ပေါင်းမြက်များကို ထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ
၁၀း၁၀	သွေးလေးဖက်နာရောဂါ
၁၀း၁၅	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ စန္ဒရားချစ်ဆွေ (အပိုင်း-၁)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကွယ်လွန်သူ ဦးဝမ်ဟို(ခ) ဦးစံလွင်အားရည်စူး၍ ကျန်ရစ်သူ ညီ၊ ညီမများနှင့် တူ၊တူမများကိုယ်စား ခြံအမှတ်(၂၉) ပတ္တမြားလမ်း မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း တာမွေမြို့နယ်နေ ညီဖြစ်သူဦးမြတ်သူ-ဒေါ်ညွန့်ညွန့်အေး မိသားစုက ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်း အမှတ်စဉ် (၈/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းကို ရက်သတ္တလေးပတ်ကြာဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၅ ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသား ငါးဦး စုစုပေါင်း သင်တန်းသား ၆၀ တို့ တက်ရောက်ခဲ့ကြသည်။

အလားတူ မန္တလေးတိုင်းရဲတပ်ဖွဲ့ အောင်ဆန်းခန်းမ၌လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၅ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်သား ငါးဦး စုစုပေါင်း သင်တန်းသား ၆၀ တို့ဖြင့် သင်တန်းဆင်းပွဲ ကျင်းပခဲ့ရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ် တက်ရောက်၍ အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

စပါးက ရွှေ ငါးက ငွေ
လယ်ယာ သားငါး ပြည့်စီးပွား

ဗြိတိန်တွင် သွေးသွင်းရာမှ နွားရူးရောဂါပိုးကူးသည်ကိုတွေ့ရ ရောဂါပိုးရှိနိုင်သူ သွေးလှူရှင်များကို သတိပေးမည်

လန်ဒန် ဇူလိုင် ၂၁

ဗြိတိန်နိုင်ငံတွင် သွေးလိုအပ်နေသူ လူနာသုံးဦး၏ ခန္ဓာကိုယ်အတွင်းသို့ သွေးလှူရှင် ၁၀၀ ခန့်ထံမှရရှိခဲ့သော သွေးများကိုသွင်း၍ ကုသပေးပြီးနောက် လူနာသုံးဦးတွင် နွားရူးရောဂါလက္ခဏာများဖြစ်ပေါ်လာသည်ကို တွေ့ရကြောင်း ကျန်းမာရေးဌာနမှ ထွက်ပေါ်လာသော သတင်းများကဆိုသည်။

ဗီစီဂျေဒီဟု အတိုကောက်ခေါ်သော နွားရူးရောဂါပိုးသည် သွေးသွင်းရာမှ တစ်ဆင့် လူသားထံသို့ ကူးစက်သော ပထမဆုံးသော လူနာကို တွေ့ရကြောင်း ဗြိတိန်နိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် ထုတ်ဖော်ကြေညာခဲ့သည်။

နွားရူးရောဂါပိုး သယ်ဆောင်သည်ဟု ယူဆရသော သွေးလှူရှင် အဆိုပါ လူ ၁၀၀ ခန့်တို့ကို နောင်အခါတွင် သွေးကိုသော်လည်းကောင်း၊ အသားတစ်သျှူး သို့မဟုတ် ကိုယ်အင်္ဂါတစ်စုံတစ်ရာကိုသော် လည်းကောင်း လှူဒါန်းခြင်းမပြုလုပ်ရန် အကြောင်းကြားသွားမည်ဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက ဇူလိုင် ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားကြသည်။

အကယ်၍ သွေးသွင်းကုသခြင်းခံရသူ တစ်စုံတစ်ဦးတွင် သွေးသွင်းခံရပြီးနောက် နွားရူးရောဂါလက္ခဏာများဖြစ်ပေါ်လာလျှင် သွေးသွင်းရာ၌ အသုံးပြုခဲ့သောသွေးကြောင့် ရောဂါကူးစက်ခံရခြင်းဖြစ်ကြောင်း မှတ်ယူနိုင်သည်ဟု ဗြိတိသျှဆေးပညာဌာန အကြီးအကဲက ဆိုသည်။

လှူဒါန်းလာသော သွေးများတွင် နွားရူးရောဂါပိုးများ ပါမလာစေရန် စစ်ထုတ်ဖယ်ရှားနိုင်သည့် ယုံကြည်လောက်သော နည်းလမ်းမပေါ်သေးမီ အချိန်အတွင်း နွားရူးရောဂါပိုးရှိသူဟု ယူဆရသော လူများထံမှ သွေးနှင့် အခြားအင်္ဂါများ လှူဒါန်းမှုလက်မခံသောနည်းမှာ ပြုလုပ်သင့်သော ကြိုတင်ကာကွယ်ရေး နည်းလမ်းပင်ဖြစ်ကြောင်း လီအမ်ဒေါ်နယ်ဆင်၏ ကျန်းမာရေး အစီရင်ခံစာတွင် တင်ပြထားသည်။

ဗြိတိန်တွင် နွားရူးရောဂါ ဖြစ်ပွားလာနိုင်သည့် လူနာအရေအတွက်ကို ခန့်မှန်းရာ၌ ခန့်မှန်းချက်များမှာ တစ်ခုနှင့်တစ်ခု မတူညီကြသော်လည်း အားလုံးက ထိုရောဂါသည် ဗြိတိန်တွင် ကပ်ရောဂါအသွင်ဖြင့် မပြန့်ပွားနိုင်ဟူသောအချက်ကိုမူ လက်ခံထားကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဆီးရီးယား–အီရတ် နယ်စပ်တစ်လျှောက်တွင် လုံခြုံရေးစောင့်ကြပ်နေသော ဆီးရီးယားတပ်ဖွဲ့ဝင်များကို ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာတိတ်သမုဒ္ဒရာတွင် စွန့်ပစ်ပစ္စည်းများကို ပစ်ချမှု ကနေဒါလေယာဉ်များ စောင့်ကြည့်မည်

အော့တဝါ ဇူလိုင် ၂၀

အာတိတ်သမုဒ္ဒရာ ရေမျက်နှာပြင်တွင် သင်္ဘောများပေါ်မှ စွန့်ပစ်ပစ္စည်းများကို ပင်လယ်ရေပြင်ပေါ်သို့ ပစ်ချနေသည်များကို ကနေဒါလေယာဉ်များက ပထမဆုံးအကြိမ် စောင့်ကြည့်ရန် စတင်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ စွန့်ပစ်ပစ္စည်းများကြောင့် အာတိတ်ဒေသပတ်ဝန်းကျင်တွင် ပျက်စီးမှုဖြစ်ပွားစေနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

လတ်တလောတွင် အာတိတ်မြောက်ဘက် ရေခဲတောင်များ အခြေအနေများကို စောင့်ကြည့်နေသော အဆိုပါ လေယာဉ်များက သင်္ဘောများမှ စွန့်ပစ်ပစ္စည်းများပစ်ချနေသည်များကို စောင့်ကြပ်ကြည့်ရှုနေသည်။ ထိုလေယာဉ်များသည် သင်္ဘောများမှ ထွက်ရှိသော ညစ်ညမ်းမှု လက္ခဏာများကို သိရှိရန် ကင်းထောက်မှုကို အောက်တိုဘာလကုန်ထိ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက ထိုဒေသတွင် သင်္ဘောအသွားအလာများ တိုးပွားလာခြင်းနှင့် ရေနံစင်နှင့် ရေနံရှာဖွေရေး လုပ်ငန်းများလည်း များပြားလာခြင်းတို့ကို ၎င်းတို့တွေ့ရှိခဲ့ကြကြောင်း ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီး စတီဖင်ဒိုင်အွန်က ပြောကြားခဲ့သည်။

အာတိတ်သမုဒ္ဒရာတွင် ရေနံယိုဖိတ်မှုကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုများ ဖြစ်ပွားနိုင်သည့်အတွက် တာဝန်ရှိသူများက စိုးရိမ်နေကြသည်။ ထိုအာတိတ်သမုဒ္ဒရာဒေသတွင် ထိခိုက်မှုဖြစ်ပွားပါက ကုညီဖြေရှင်းရန် အလှမ်းကွာဝေးသောကြောင့် အခက်အခဲရှိနိုင်ကြောင်း သိရသည်။

ယခုနှစ်တွင် အာတိတ်သမုဒ္ဒရာဒေသ၌ လေယာဉ်များ လက်တွေ့လေ့လာမှုမှရရှိသော အချက်အလက်များကို သုံးသပ်ပြီးနောက် လာမည့်နှစ်နွေရာသီတွင် လေယာဉ်ဖြင့် ကင်းထောက်သည့်လုပ်ငန်းကို နောက်တစ်နှစ် ထပ်မံလုပ်ကိုင်ရန် သင့်၊ မသင့် ကနေဒါနိုင်ငံက ဆုံးဖြတ်မည်ဖြစ်သည်။

ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာတွင် သင်္ဘောမောင်းနှင်မှုလမ်းကြောင်းများတွင် ကနေဒါနိုင်ငံက လေထု၊ ရေထု ညစ်ညမ်းမှုများကို ကင်းထောက်လေ့လာမည်ဖြစ်သည်။ ၎င်းအပြင် နှစ်နိုင်ငံအကြားရှိ ရေကန်ကြီးများဒေသနှင့် စိန့်လောရန့် မြစ်ကြောင်းတစ်လျှောက် ရေထုညစ်ညမ်းမှု စောင့်ကြည့်သည့်လုပ်ငန်းကို ယခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

ခုခံတိုက်ခိုက်ရေးသမားများကိုစွ ဆီးရီးယားအစိုးရ ဝေဖန်

ဒမတ်စကပ် ဇူလိုင် ၂၂

အီရတ်နိုင်ငံအတွင်းသို့ ပြည်ပမှ ခုခံတိုက်ခိုက်ရေးသမားများ စိမ့်ဝင်ထိုးဖောက်မှု တားဆီးကာကွယ်နိုင်ရန် မိမိတို့ လုပ်ဆောင်လျက်ရှိသော်လည်း အီရတ်၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က မိမိတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းမရှိကြောင်း ဆီးရီးယားအစိုးရက ကြာသပတေးနေ့တွင် ဝေဖန်ပြောကြားသည်။

အီရတ်နိုင်ငံအတွင်းသို့ ခုခံတိုက်ခိုက်ရေးသမားများ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းမရှိစေရန် ဆီးရီးယားနိုင်ငံ၏ နယ်စပ်ဒေသလုံခြုံရေးအတွက်အစိုးရက အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆီးရီးယားနိုင်ငံသည် အီရတ်နိုင်ငံအတွင်းသို့ စိမ့်ဝင်ထိုးဖောက်နိုင်ဖွယ်ရှိသည်ဟု သင်္ကာမကင်းခံရသော ၁၂၄၀ ကို ၎င်းတို့၏ နေရင်းနိုင်ငံများသို့ ပြန်ပို့ပေးခဲ့ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်ကြည်းတပ် တပ်ဖွဲ့ဝင်သစ်များအတွင်း ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၀ ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၁

ပေါက်ကွဲစရာပစ္စည်းများ တပ်ဆင်သည့် ခါးပတ်ပတ်ထားသူ ဗုံးဖောက်ခွဲသမားတစ်ဦးက အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အီရတ်ကြည်းတပ် တပ်ဖွဲ့ဝင်သစ်အုပ်စုအတွင်း ဗုံးဖောက်ခွဲခဲ့သဖြင့် လူ ၁၀ ဦး သေဆုံးပြီး လူ ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့နှင့် ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဗုံးဖောက်ခွဲသူက ဗုံးဖောက်ခွဲမှုမပြုလုပ်ခင်က ဘဂ္ဂဒက်မြို့တော် အလယ်ပိုင်းတွင် အသုံးပြုခြင်းမရှိတော့သည့် မူသာနာလေယာဉ်ကွင်းရှိ တပ်သားစုဆောင်းရေးဌာန အပြင်ဘက်တွင် ရပ်နေသော လူအုပ်အကြား ဝင်ရောက်ရောနှောနေခဲ့ပြီး ဗုံးဖောက်ခွဲခြင်းဖြစ်သည်။

ယာမောက်ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်များက သေဆုံးသူလူ ၁၀ ဦးနှင့် ဒဏ်ရာရရှိသူ ၂၀ တို့ လက်ခံခဲ့ကြောင်း ပြောကြားသည်။

မူသာနာလေယာဉ်ကွင်းရှိ တပ်ဖွဲ့ဝင်စုဆောင်းရေးဌာနသည် ယခင်ကတည်းက ဗုံးဖောက်ခွဲသူများ၏ တိုက်ခိုက်မှုခံခဲ့ရသည့်နေရာဖြစ်သည်။

အီရတ်ရှိ ပြောက်ကျားများသည် ရည်မှန်းထားသည့် ပစ်မှတ်ကို သေချာစွာ တိုက်ခိုက်စေရန်အတွက် ပေါက်ကွဲစရာပစ္စည်းများ တပ်ဆင်ထားသည့် ခါးပတ်များကို တိုးမြှင့်အသုံးပြုလျက်ရှိသည်။ စနေနေ့ကလည်း ဗုံးဖောက်ခွဲသူတစ်ဦးသည် ဘဂ္ဂဒက်တောင်ပိုင်းနေရာတွင် လောင်စာတင် မော်တော်ယာဉ်အနီးကပ်၍ ဗုံးဖောက်ခဲ့ရာ လူ ၉၈ ဦး သေဆုံးခဲ့သည်။

ဗုံးဖောက်ခွဲသူများသည် ပြောက်ကျား တိုက်ခိုက်ရေးသမားများ၏ တိကျပစ်မှတ်ထိန်း လက်နက်များဟု ပြောဆိုပြီး ဦးစားပေးပုံစံဖြင့် အသေခံကာ ပစ်မှတ်ထိအောင် ဖောက်ခွဲနိုင်ကြသည်ဟု ပြောကြားကြသည်။

အမ်အင်အေ၊ ရိုက်တာ။

အီဂျစ်သံတမန် အသက်ထင်ရှားရှိဖွယ် အီရတ်မိုဘိုင်းဖုန်းကုမ္ပဏီဝန်ထမ်း ပြောကြား

ကိုင်ရို ဇူလိုင် ၂၁

ပြန်ပေးသမားများက ယခုလအတွင်း သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့သည်ဟု အီဂျစ်အစိုးရက ပြောကြားခဲ့သည့် အီရတ်ဆိုင်ရာ အီဂျစ်သံတမန်သည် အသက်ထင်ရှားရှိနေဖွယ်ရှိကြောင်းဖြင့် အီရတ်ရှိ မိုဘိုင်းဖုန်းကုမ္ပဏီမှ ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်ကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ကြေညာလိုက်သည်။

အီရတ်ဆိုင်ရာ အီဂျစ်သံတမန် အယ်လ်–ရှာရစ်ဖ်သည် အသက်မသေဟုဆိုသည့် အလားအလာမှာ နည်းပါးနေသည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီးအား ကိုးကား၍ ၎င်းဝန်ထမ်းက ပြောကြားသည်။

ဇူလိုင် ၂ ရက်က ပြန်ပေးဆွဲခံခဲ့ရသည့် သံတမန်ရှာရစ်ဖ်သည် ယခုထက်တိုင် အသက်ရှင်နေလျက်ရှိသည့် သတင်းရရှိထားသည်ဟု အီရတ်ရှိ မိုဘိုင်းဖုန်း ကွန်ရက်လုပ်ငန်းပိုင်ဆိုင်သူ နာဂျစ်ဆာဝီရစ်က ပြောကြားသည်။

သံတမန်ရှာရစ်ဖ်သည် အသက်ထင်ရှားရှိနေဖွယ်ရှိပြီး အသတ်မခံရသေးသည့် သတင်းအချို့ မိမိတို့ ရရှိထားသည်ဟု တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားရာ ယင်းပြောကြားချက်ကို အယ်လ်–ဂွန်ဘူရီယာ သတင်းစာက ဖော်ပြသည်။ သို့ရာတွင် ၎င်းက အသေးစိတ် ပြောကြားခြင်း မရှိခဲ့ပေ။

အယ်လ်ဇာကာဝီ ဦးဆောင်သည့် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုက သံတမန်ရှာရစ်ဖ်အား သတ်ဖြတ်ခဲ့သည်ဟု ဇူလိုင် ၇ ရက်က အင်တာနက်မှ ဖော်ပြခဲ့သည်။

အားလုံးသော သတင်းအချက်အလက်နှင့် အခြေအနေများအရ ရှာရစ်ဖ်သည် သေဆုံးဖွယ်ရှိသည်ဟု အယ်လ်မကစ်ထရီအယ်လ်ယွမ်က နိုင်ငံခြားရေးဝန်ကြီး အဘူဂိတ်အား ကိုးကား၍ ရေးသားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်မြောက်ပိုင်း ဒယာလာဒေသကို အမေရိကန်တပ်ဖွဲ့များက ဝင်ရောက်စီးနင်းပြီး ခုခံတိုက်ခိုက်ရေးသမားဟု မသင်္ကာသူများအား ဖမ်းဆီးထားသည်ကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ဇူလိုင် ၂၁ရက်အထိ ၁၇၇၃ ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၂၂

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် ဇူလိုင် ၂၁ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၇၇၃ ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ယင်းတို့အနက် ၁၃၆၃ဦးမှာ ရန်လိုသော တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။ ***အင်တာနက်။***

အမေရိကန်တပ်ဖွဲ့ဝင်များ နယ်စပ်ဒေသကျူးကျော်မှု ပါကစ္စတန်က လက်မခံကြောင်း သမ္မတမူရှာရက်ဖ် ပြောကြား

အစ္စလမ္မာဘတ် ဇူလိုင် ၂၁

ပါကစ္စတန်နိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲကို ထောက်ခံသော်လည်း မိမိတို့နိုင်ငံ၏ နယ်စပ်ဒေသများကို အမေရိကန်တပ်ဖွဲ့ဝင်များက ကျူးကျော်ဝင်ရောက်ခွင့် လက်ခံနိုင်မည်မဟုတ်ကြောင်း ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က အင်္ဂါနေ့တွင် ပြောကြားသည်။

သမ္မတမူရှာရက်ဖ်သည် အမေရိကန် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အကြီးအကဲ ဗိုလ်ချုပ်ကြီး လွန်အဘီဇိတ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ အခြေစိုက်သော အမေရိကန်တပ်ဖွဲ့များက ယင်းနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော ပါကစ္စတန်တိုင်းရင်းသားများနေထိုင်ရာ ဒေသတစ်ခုတွင် စစ်သွေးကြွများကို ချေမှုန်းရန်ရည်ရွယ်၍ နယ်မြေကျူးကျော်ဝင်ရောက်ကာ တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း မူရှာရက်ဖ်က ပြောကြားသည်။

မကျေမနပ်ဖြစ်

အမေရိကန်တပ်ဖွဲ့က နယ်စပ်ဒေသကိုဖြတ်ကျော်ကာ တိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပါကစ္စတန် ဝါဇီရစ္စတန်မြောက်ပိုင်း ဒေသရှိ တိုင်းရင်းသားများက မကျေမနပ်ဖြစ်လျက်ရှိကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ပါကစ္စတန်နယ်စပ်ဒေသရှိ ပြည်နယ်အတွင်း စစ်သွေးကြွများအဖြစ် သင်္ကာမကင်းခံရသူ လူ ၂၄ ဦးကို သတ်ဖြတ်ခဲ့သည့်ဖြစ်ရပ် ပြီးခဲ့သည့်စနေနေ့တွင် ဖြစ်ပွားခဲ့သည်။

လေးစား

အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ ဆင်နွှဲရာတွင် အမေရိကန်တပ်ဖွဲ့သည် နိုင်ငံများ၏ ပိုင်နက်နယ်မြေများကို လေးစားရမည်ဖြစ်ကြောင်း၊ မိမိတို့၏ နယ်စပ်ဒေသအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းကို နောင်အခါတွင် လက်ခံမည်မဟုတ်ကြောင်း မူရှာရက်ဖ်၏ ပြောကြားချက်ကို ကိုးကား၍ ဒေးလီးတိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့၏ နယ်ခြားဒေသ တောင်တန်းဒေသတွင်ခိုအောင်းနေသည့် အယ်လ်ခိုင်ဒါနှင့် တာလီဘန်စစ်သွေးကြွ အကြွင်းအကျန်များကို ချေမှုန်းနိုင်ရန် အမေရိကန်တပ်ဖွဲ့က ကြိုးပမ်းနေသော်လည်း နယ်မြေကျူးကျော်ဝင်ရောက်ခြင်းကို လက်ခံနိုင်မည်မဟုတ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

မက္ကဆီကိုနိုင်ငံ ကင်ကန်ကျွန်းဆွယ်ဒေသတွင် ဇူလိုင် ၁၉ ရက်က အင်မီလီ မုန်တိုင်းတိုက်ခတ်သွားပြီးနောက် ကျိုးပဲ့ပျက်စီး ကျန်ရစ်သော ဓာတ်တိုင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်ကမ်းရိုးတန်းတွင် မုန်တိုင်းတိုက်ခတ် ဟာရီကိန်းမုန်တိုင်းကြောင့် တစ်နာရီလျှင် ၁၂၅မိုင်နှုန်း လေပြင်းတိုက်

ဆန်ဖာနန်ဒို (မက္ကဆီကို)ဇူလိုင် ၂၁

အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်ဒေသတစ်လျှောက်ရှိ ပင်လယ်ကွေ့ကမ်းရိုးတန်းကမ်းခြေဒေသတွင်အင်မီလီဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်း ဗုဒ္ဓဟူးနေ့က တိုက်ခတ်ရာ သစ်ပင်များလဲပြိုပြီး ပင်လယ်လှိုင်းများ ဖြစ်ပေါ်ခဲ့၍ ရွာသူရွာသား များအား ဘေးကင်းလုံခြုံရာနေရာဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တစ်နာရီ ၁၂၅ မိုင်

အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်ဒေသ တောင်ဘက် ၇၅ မိုင်ခန့်အကွာရှိ မက္ကဆီကို ကမ်းရိုးတန်းဒေသတွင် အင်အား ၃ ရှိ ဟာရီကိန်း မုန်တိုင်း တိုက်ခတ်ရာ တစ်နာရီလျှင် ၁၂၅ မိုင်အထိ လေပြင်းများ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခိုက်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရသည်။

အမေရိကန် နယ်စပ်ဒေသအနီးရှိ ဆန်ဖာနန်ဒိုမြို့တွင် နေအိမ်အချို့ အကြီးအကျယ် ပျက်စီးသွားသည်။

အမ်မီလီဟာရီကိန်း မုန်တိုင်းသည် ကုန်းတွင်းပိုင်းဒေသကို ဖြတ်ကျော်သွားရာ ယင်းမုန်တိုင်း၏ အင်အားသည် အဆင့်–၂ သို့ ကျဆင်းသွားသော်လည်း မက္ကဆီကို အရှေ့မြောက်ဘက် တောင်တန်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ပြည်သူများမှာ ဒုက္ခရောက်ကြရသည်။ အမေရိကန် တက္ကဆက်ပြည်နယ် တောင်ပိုင်း ကမ်းရိုးတန်းဒေသတွင် တစ်နာရီလျှင် မိုင် ၆၀ နှုန်းဖြင့် လေပြင်းတိုက်ခိုက်ခဲ့ပြီး လှိုင်းကြီးခဲ့သည်။

ယင်းတက္ကဆက်ပြည်နယ်တွင် ဟာရီကိန်းမုန်တိုင်း တိုက်ခိုက်မှု၏ အကျိုးဆက်အားဖြင့် တော်နေဒိုး မုန်တိုင်းများ ဖြစ်ပေါ်နိုင်ကြောင်းကျွမ်းကျင်သူပညာရှင်များက သတိပေးထားသည်။ မုန်တိုင်းဒဏ်ခံရသော ပြည်သူ ၄၀၀၀ ခန့်မှာ အရေးပေါ်ခိုလှုံရေးစခန်းများတွင်ညအိပ်ခဲ့ကြရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပင်လယ်ထွက်အစားအစာတင်ပို့မှု ဗီယက်နမ်မြှင့်တင် လာမည့် ငါးနှစ်အတွက် လျာထားချက်ချမှတ်

ဟနွိုင် ဇူလိုင် ၂၁

ဗီယက်နမ်နိုင်ငံပင်လယ်အစားအစာ တင်ပို့မှုလုပ်ငန်းသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကြားတွင် အမေရိကန်ဒေါ်လာ ၁၆ဒသမ၁ ဘီလီယံရရှိရန်နှင့် ၂၀၀၁–၂၀၀၅ ခုနှစ်ကာလကထက် ၄၆ဒသမ၃ ရာခိုင်နှုန်း မြင့်တက်လာရန် မျှော်မှန်းထားကြောင်းငါးလုပ်ငန်းဝန်ကြီးဌာနကဗုဒ္ဓဟူးနေ့တွင်ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် မျှော်မှန်းချက်ရောက်ရှိရန်အတွက် ပင်လယ်အစားအစာ ဈေးနှုန်းများ တင်ပို့ကုန်ဈေးကွက်များ၏ ဝယ်လိုအားတို့ကို ကြိုတင်တွက်ချက်စိစစ်ခြင်းများ ပြုလုပ်ခဲ့သည်။ အမေရိကန်၊ ဥရောပ နိုင်ငံများ၊ ဂျပန်နှင့်တရုတ်တို့ကဲ့သို့သော သမားရိုးကျပို့ကုန်ဈေးကွက်များသို့ ဗီယက်နမ်နိုင်ငံ၏ ပင်လယ်အစားအစာ တင်ပို့ရောင်းချမှုကို မြှင့်တင်ခြင်း ပြုလုပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် အရှေ့အလယ်ပိုင်း၊ ဥရောပအရှေ့ပိုင်း၊ အာဖရိကနှင့် တောင်အမေရိကတို့သို့လည်း ဈေးကွက်တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်ပင်လယ်အစားအစာ ထုတ်ကုန်များတွင် အဓိကထုတ်ကုန်များဖြစ်သော ပုစွန်၊ ငါးထွေနှင့် တူနာငါးတို့ကို ဈေးကွက်တွင် နာမည်ရရှိရန် ဗီယက်နမ်နိုင်ငံ ကုန်အမှတ်တံဆိပ်ဖြင့် လူသိလာအောင် မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းများအပြင် ပြည်တွင်းလုပ်ငန်းများနှင့် မွေးမြူရေးသမားများကို ဗီယက်နမ်အစိုးရက ကူညီအားပေးမည်ဖြစ်သည်။

ယင်းသို့ကူညီရာ၌ တင်ပို့သူများကို အနောက်နိုင်ငံများက စားကုန်များနှင့်ပတ်သက်၍ ထားရှိသောစံများနှင့်အညီ ပင်လယ်အစားအစာ ပြုပြင်ထုတ်လုပ်လာနိုင်ကြစေရန် ပံ့ပိုးမှုများ ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

ဗီယက်နမ် ပင်လယ်အစားအစာ ထုတ်လုပ်မှုကို ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်တွင် အလေးချိန် ၁၈ဒသမ၂သန်းကျော် ထုတ်လုပ်ရန် မျှော်မှန်းထားသည်။ ၂၀၀၁–၂၀၀၅ ခုနှစ်ကာလက ထုတ်လုပ်နိုင်ခဲ့သော တန်ချိန်မှာ တန် ၁၄ ဒသမ ၃သန်းရှိသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် ကမ္ဘာ့ဈေးကွက်သို့ ဗီယက်နမ် ပင်လယ်အစားအစာထုတ်ကုန်ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံနီးပါး ရရှိခဲ့သည်။ ထိုဝင်ငွေသည် ယမန်နှစ် အလားတူ ကာလကထက် ၉ဒသမ၃ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။ သို့ဖြစ်၍ ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်ကုန်ပိုင်းတွင် ပင်လယ်အစားအစာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ရရှိလိမ့်မည်ဟု မျှော်မှန်းထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လက်ဘနွန်တောင်ပိုင်း ကုလသမဂ္ဂမစ်ရှင်တပ်ဖွဲ့များ တိုးချဲ့မည် ကိုဖီအာနန်၏ အထူးသံတမန်နှင့် လက်ဘနွန်အစိုးရ ဆွေးနွေးရန်ရှိ

ကုလသမဂ္ဂ ဇူလိုင် ၂၁

လက်ဘနွန်နိုင်ငံတွင် ဆီးရီးယားတပ်ဖွဲ့ဝင်များ မရှိတော့ပြီဖြစ်ရာ ကုလသမဂ္ဂမစ်ရှင်တပ်ဖွဲ့များ လက်ဘနွန်တောင်ပိုင်းဒေသတွင်ထားရှိရေးအတွက် ကုလသမဂ္ဂက လက်ဘနွန်အစိုးရအား အကူအညီပေးရန် လိုလားလျက် ရှိနေကြောင်းဖြင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

လက်ဘနွန်တောင်ပိုင်းတွင် ကုလသမဂ္ဂတပ်ဖွဲ့များ တိုးချဲ့ချထားနိုင်ရန် စီစဉ်စိုင်းပြင်နေသည့် နောက်ထပ် အစီအစဉ်များနှင့်ပတ်သက်၍ ကိုဖီအာနန်၏ အထူးသံတမန် တယ်ရီရိုအက်လာဆင်သည် လက်ဘနွန်အစိုးရနှင့် ဆွေးနွေးမည်ဖြစ်သည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ကိုဖီအာနန် တင်ပြသည့်အစီရင်ခံစာအရသိရှိရသည်။

တိုးချဲ့ချထား

အစ္စရေးက ၎င်း၏တပ်ဖွဲ့များအား ယင်းဒေသမှ ၂၀၀၀ ပြည့်နှစ် မေလတွင် ရုပ်သိမ်းပြီး ၎င်းတို့၏ သိမ်းပိုက်မှု အဆုံးသတ်သွားခဲ့ပြီးနောက် ကုလသမဂ္ဂမစ်ရှစ်တပ်ဖွဲ့များအားလက်ဘနွန်တောင်ပိုင်းဒေသတစ်ဝန်း တိုးချဲ့ချထားမည့် အခွင့်အာဏာနှင့်စပ်လျဉ်း၍ ကိုဖီအာနန်နှင့် နိုင်ငံ ၁၅ နိုင်ငံပါဝင်သည့် လုံခြုံရေးကောင်စီတို့က အပူတပြင်း ဆောင်ရွက်လျက်ရှိသည်။

အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းပြီးခဲ့သည့်နောက် ဟစ်စဘိုလာအုပ်စုက ယင်းဒေသတွင် စိုးမိုးခဲ့သည်။ သို့ရာတွင် ၎င်းအုပ်စုသည် လက်ဘနွန် အစိုးရအတွင်း ယခုရက်သတ္တပတ်တွင် ဝင်ရောက်ခဲ့သည်။

လွှမ်းမိုးခြယ်လှယ်

ဆီးရီးယားက လက်ဘနွန်အား ၎င်း၏တပ်ဖွဲ့များ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ မရုပ်သိမ်းမီတွင် ဆယ်စုနှစ်သုံးစုကြာ နိုင်ငံရေးအရလွှမ်းမိုးခြယ်လှယ်ခဲ့သည်။ဆီးရီးယားသူလျှိုများ လက်ဘနွန်တွင် ထားခဲ့၊ မထားခဲ့နှင့်ပတ်သက်၍ ကုလသမဂ္ဂ စစ်ဆေးရေးအဖွဲ့က ယခုတိုင် လေ့လာလျက်ရှိသည်။

ဆီးရီးယားတပ်ဖွဲ့များ လက်ဘနွန်မှ ရုပ်သိမ်းမှုက အခွင့်အလမ်းသစ်များ ပွင့်လင်းသွားပြီ ဟစ်ဇ်ဘိုလာအဖွဲ့အနေဖြင့် လက်ဘနွန်ကြည်းတပ်တွင် ဝင်ရောက်အမှုထမ်းနိုင်ပြီဟု ရှိအက်လာဆင်က ဘရပ်ဆယ်တွင် ယခုရက်သတ္တပတ်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဇူလိုင် ၂၁ ရက်က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ဒုတိယအကြိမ် ဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားပြီး ဗုံးလန့်မှုလည်းဖြစ်ပွားဖြစ်ခဲ့ရာ ဝါရန်လမ်းရှိ မြို့လယ်ဘူတာရုံ၌ လုံခြုံရေးကြိုတင်ပြင်ဆင်နေကြသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

လန်ဒန်တွင် ဗုံးပေါက်မှု ထပ်မံဖြစ်ပွား ရဲနှင့်မီးသတ်သမားများ အလုပ်များခဲ့ရ

လန်ဒန် ဇူလိုင် ၂၂

လန်ဒန်မြို့ အိုဗလ်၊ဝါရင်စထရီနှင့် ရှဲပတ်ဘုရှ် စသည့်မြေအောက်ဘူတာများတွင် ဗုံးကွဲမှုနှင့် ဗုံးလန့်မှုများ ဖြစ်ပွားခဲ့သည့်အတွက် ရဲများ၊ မီးသတ်သမားများနှင့် ကယ်ဆယ်ရေးဌာနများ အလုပ်ရှုပ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့နှင့် မီဒီယာ သတင်းများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဇူလိုင် ၇ရက် ဗုံးကွဲမှုများကြောင့် လူ ၅၆ဦးသေဆုံးရသည့်အဖြစ် ပေါ်ပေါက်ပြီး သီတင်းနှစ်ပတ်အကြာတွင် ယခုကိစ္စထပ်မံပေါ်ပေါက်လာခြင်းဖြစ်သည်။ ဝါရင်စထရီဘူတာအတွင်း အိမ်ရိုက်သံများဖြင့် ပြုလုပ်ထားသည့် အသေးစားဗုံးပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း ရဲနှင့် မျက်မြင်သက်သေများက ပြောကြားပြီး ပစ်ခတ်သံများလည်း ထွက်ပေါ်လာခဲ့သည်ဟု အတည်မပြုနိုင်သော အချို့သတင်းများက ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အလင်းအလှူတော်

ဒီပါမြေ (မန်းတက္ကသိုလ်)

အလင်းအလှူတော်လို့ ဆိုရတာကတော့ မျက်လုံးထဲမှာ အတွင်းတိမ်ရှိသူများကို တိမ်ထုတ်ပေးပြီး မျက်တွင်းမှန် ပြန်လည်ထည့်ထားတဲ့အခါ ပကတိ မွေးရာပါမျက်စိလိုမြင်ရအောင် ခွဲစိတ်ကုသပေးတဲ့ အလှူတော် ဖြစ်ပါတယ်။ ရေနံချောင်းမှာ မျက်စိဝေဒနာရှင်တွေကို အခမဲ့ ခွဲစိတ်ကုသပေးဖို့ စတင်စဉ်းစား လုပ်ဆောင်မိသူကတော့ ရေနံချောင်းသူ၊ ရေနံချောင်းမှ အထက်တန်းအောင်ခဲ့ပြီး မျက်စိအထူးကုဆရာဝန်ကြီးဖြစ်နေတဲ့ ဒေါက်တာနီလာသိန်း ဖြစ်ပါတယ်။ ဒေါက်တာနီလာသိန်းဟာ မျက်စိအထူးကု ဆရာဝန်များနှင့်အတူ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း စတဲ့နေရာ အတော်များများမှာ အခမဲ့ခွဲစိတ်ကုသဖို့လိုက်ပါဆောင်ရွက်ခဲ့ဖူးပါတယ်။

ဒေါက်တာနီလာသိန်းဟာ ကိုယ့်ဇာတိဖြစ်တဲ့ ရေနံချောင်းမှာလည်း မျက်စိအခမဲ့ ကုသပေးဖို့ ဆန္ဒဖြစ်ပေါ်ပြီး တစ်ဦးတည်း အကုန်အကျခံမယ်၊ မျက်စိဝေဒနာရှင်တစ်ရာကို သူကိုယ်တိုင် သင်္ကြန်ရက်ဖြစ်တဲ့ ရုံးပိတ်ရက်တွေမှာ အနားမယူဘဲ ခွဲစိတ်ကုသပေးမယ်လို့ စဉ်းစားဆုံးဖြတ်ထားခဲ့ပါတယ်။ ရေနံချောင်းမှာ မျက်စိဝေဒနာရှင်တွေစုဖို့၊ ရေနံချောင်းဆေးရုံမှာ ခွဲစိတ်ခန်းပြင်ဆင်ဖို့ စတဲ့ အလုပ်တွေကိုတော့ ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်) နာယကဖြစ်တဲ့ စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်၊ အဖွဲ့ဝင်ဖြစ်တဲ့ ဗိုလ်မှူးဌေးလွင်၊ ဦးမောင်မောင်မြတ်တို့နဲ့ တိုင်ပင်ခဲ့ပါတယ်။ ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်)က မျက်စိခွဲစိတ်မှုနဲ့ပတ်သက်တဲ့ အုပ်ချုပ်မှုကိစ္စတွေကို ကူညီဆောင်ရွက်ပေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

ဒေါက်တာနီလာသိန်း တစ်ဦးတည်း မျက်စိအခမဲ့ ခွဲစိတ်မယ့် အစီအစဉ်ကို သူရဲ့ ပါမောက္ခဆရာကြီးများဖြစ်တဲ့ ဒေါက်တာ ဦးကံညွန့်တို့ သိသွားတဲ့အခါမှာတော့ "နီလာ မင်းတို့ ရေနံချောင်းကို ငါတို့လည်း လိုက်ပါ ကုသပေးပြီး ကုသိုလ်ယူမှာပေါ့" လို့ ဖြစ်သွားတာမို့ ဒီခွဲစိတ်ကုသမယ့် ကိစ္စဟာ ကျယ်ပြန့်သွားပါတယ်။ သင်္ကြန်ရက်များဟာ ရုံးအားရက်ဖြစ်ပေမယ့် ရေနံချောင်းမြို့ရဲ့ နွေကာလက ပူလွန်းတဲ့အတွက် မျက်စိထဲ ချွေးဝင်ပြီး လူနာတွေအဖို့ မကောင်းပါဘူး။ ဒါကြောင့် မိုးဦးကျစ ဇွန်လနောက်ပိုင်းမှ ခွဲစိတ်တဲ့ကိစ္စလုပ်ပါလို့ ဒေါက်တာကံညွန့်က ပြောပါတယ်။ ဆရာတော် အရှင်ဆန္ဒာဓိကနဲ့ ဒေါက်တာ နီလာသိန်း တို့ဟာ ရေနံချောင်း အထက(၁)မှာ ကျောင်းအတူ နေဖူးသူ မောင်နှမအရင်းကဲ့သို့ ခင်မင်ခဲ့သူတွေ ဆိုတော့ မျက်စိခွဲစိတ်ကုသမယ့် အစီအစဉ်ကို ညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ဖြစ်သွားပါတယ်။ ဆရာတော်ကလည်း မျက်စိဝေဒနာရှင်တွေအတွက် ဆေးဝါးပစ္စည်းဖိုး ငွေကျပ် သုံးသိန်းလှူဒါန်းပါတယ်။ ဆရာတော်ရဲ့ ဒါယကာတွေဖြစ်တဲ့ ဦးရှိန်ဝင်း၊ ဦးဌေးမြင့်၊ အမေဆယ်တို့ပါသိသွားပြီး ထည့်ဝင်လှူဒါန်းလိုက်ကြတာ လူတစ်ရာစာကျော်သွားပါတယ်။ ခွဲစိတ်ကုသမယ့် ဝေဒနာရှင်တွေကိုလည်း ဇွန်လ ၂၅၊ ၂၆၊ ၂၇ ရက်တွေမှာ ဆရာဝန်ကြီးတွေက ရေနံချောင်း ဆေးရုံကြီးရဲ့ ခွဲစိတ်ကုသခန်းထဲမှာ ခွဲစိတ်ခုတင်သုံးလုံးနဲ့ တစ်ပြိုင်တည်း ခွဲစိတ်ကုသပေးခဲ့ကြပါတယ်။ အထူးကုဆရာဝန်ကြီးများ၊ ပါမောက္ခကြီးများကတော့ ပါမောက္ခ ဒေါက်တာ ကံညွန့်၊ ဒေါက်တာရဲနိုင်၊ ဒေါက်တာ ချစ်ကိုကို၊ ဒေါက်တာ အေးအေးခိုင်၊ ဒေါက်တာ နီလာသိန်း၊ ဒေါက်တာ ဝါဝါခင်၊ ဒေါက်တာညိုညိုမင်း၊ ဒေါက်တာ စောသွင်မွန်သိန်း၊ ဒေါက်တာတင်ဇော်ဦး၊ ဒေါက်တာ သန်းထွန်းအောင်တို့ ဖြစ်ကြပါတယ်။ အဲဒီရက်မှာ လူ ၁၅၀ လောက်ပဲ ခွဲစိတ်ကုသ ပေးနိုင်တာဖြစ်တော့ မူလအလှူရှင်ဖြစ်တဲ့ ဒေါက်တာ နီလာသိန်းဟာ လူ ၁၀၀ စာ လှူဖို့ ရည်မှန်းထားသော်လည်း အလှူရှင် များသည့်အတွက် လူ ၂၀ စာသာ ပေးလှူခွင့်ရခဲ့ပါတယ်။ လူ ၁၅၀ စာပြည့်တာနဲ့ ဆရာတော် အရှင်ဆန္ဒာဓိကဆီမှာ လာလှူတဲ့ အလှူရှင်တွေကို လက်မခံတော့ဘဲ စာရင်းပိတ်လိုက်ရတဲ့အထိ စေတနာထက်သန်စွာ ပါဝင်လှူဒါန်းသူတွေများခဲ့ပါတယ်။

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)ကလည်း အခမဲ့ခွဲစိတ်ကုသမယ့် ဆရာဝန်ကြီးတွေရဲ့ ရန်ကုန်–ရေနံချောင်း–ပုဂံ–ညောင်ဦး–ရန်ကုန် ၅ ရက်စာ ခရီးစဉ်ကို ပို့ဆောင်ပေးဖို့ ငွေကျပ်ဆယ်သိန်းမတည်ပြီး ပါဝင်ကူညီလှူဒါန်းပါတယ်။

မျက်စိခွဲစိတ်ကုသတာကတော့ အတွင်းတိမ်ကို ခွဲစိတ်ကုသတာပါ။ အတွင်းတိမ်ဆိုတာ မျက်လုံးထဲက သဘာဝမှန်ဘီလူးလေးရဲ့ အကြည်ဓာတ်ပျက်ပြီး မှုန်ဝါးသွားတာကို ခေါ်တယ်လို့ဆိုပါတယ်။ အဲဒီ အကြည်ဓာတ်ပျက်သွားတဲ့ သဘာဝမှန်ဘီလူးငယ်လေးကို ခွဲစိတ်ထုတ်ယူပြီး မျက်တွင်းမှန်လို့ခေါ်တဲ့ **Intra Ocular Lens** ထည့်ပေးခြင်းဖြင့် အမြင်အာရုံ ရာနှုန်းပြည့် မြင်ရအောင်ကုသပေးခြင်းဖြစ်ပါတယ်။ မခွဲစိတ်မီ ပဋိဇီဝဆေးတိုက်ရခြင်း၊ ခွဲစိတ်ပြီး အလင်းရောင်

စူးရှမှုဒဏ် မခံရအောင် နေကာမျက်မှန် တပ်ပေးခြင်းတို့ လုပ်ဆောင်ရပါတယ်။

ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီ တစ်ခုဖြစ်တဲ့ Alcon ကုမ္ပဏီကလည်း မျက်တွင်းမှန် ဒီဂရီတိုင်းနိုင်တဲ့ Biometry စက်ကို ရေနံချောင်းမှာ အသုံးပြုဖို့ ပါဝင်လှူဒါန်း ကူညီခဲ့ပါတယ်။ အဲဒီစက် ရရှိအသုံးပြုနိုင်ခြင်းကြောင့် မျက်စိဝေဒနာရှင်တွေရဲ့ မျက်တွင်းမှန် ဒီဂရီ အတိအကျကိုတိုင်းပြီး ထည့်နိုင်တဲ့အတွက် မျက်စိအမြင်အာရုံ ကြည်လင်ပြတ်သားမှု ရာနှုန်းပြည့် ရမှာဖြစ်ပါတယ်။ မျက်စိကွယ်ပြီး ခွဲစိတ်ကုသဖို့မတတ်နိုင်တဲ့ ရေနံချောင်းဝန်းကျင်ရွာတွေမှ မျက်စိဝေဒနာရှင်တွေ အလွန်ထူးတဲ့ အခွင့်အရေးကြီးတစ်ခုရရှိလိုက်ခြင်း ဖြစ်ပါတယ်။

အရှင်ဆန္ဒာဓိကရဲ့ ရေအလှူနဲ့ မျက်စိအထူးကုဆရာဝန်ကြီးများရဲ့ မျက်စိအလင်းအလှူကို နိုင်ငံတော်

မျက်စိဝေဒနာရှင် တစ်ဦးအား စမ်းသပ်ပေးနေစဉ်နှင့် မျက်စိစမ်းသပ်ရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီးကို လျှောက်တင်လိုက်တော့ ဆရာတော်ကြီးက ရေစက်ချတရားပွဲကို ကြွရောက်ချီးမြှင့် ဟောကြားပေးမယ်လို့ အမိန့်ရှိပါတယ်။

၂၀၀၅ ခုနှစ် မေလ ၂၅ ရက်နေ့မှာတော့ ရေအလွန်ရှားတဲ့ နေရာတွေမှာ ရေရကြလို့ ဝမ်းသာပီတိဖြစ်တဲ့ လူတွေ၊ မျက်စိအလင်းကွယ်ပျောက်ရာကနေ ပကတိမျက်စိလို မျက်စိအကြည်ဓာတ်ပြန်ရလို့ ဝမ်းသာပီတိဖြစ်နေတဲ့ ဝေဒနာရှင်တွေ၊ သူတို့ဘဝကို ကယ်တင်ရာမှာ ပါဝင်ခွဲစိတ်ကုသ ကုသိုလ်ယူခဲ့တဲ့ ဆရာဝန်ကြီး တွေရဲ့ ဝမ်းသာပီတိတွေ၊ သူတို့အလှူရဲ့ လက်တွေ့အကျိုးကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတဲ့ အလှူရှင်များရဲ့ ဝမ်းသာပီတိတွေနဲ့ ရေနံချောင်းတစ်မြို့လုံး ပြုံးပျော်ရွှင်မြူးနေကြပါတယ်။

မျက်စိဝေဒနာရှင် တစ်ဦးအား စမ်းသပ်ပေးနေစဉ်။

ရန်ကုန်က ရေနံချောင်း၊ ရေနံချောင်းကနေ ပုဂံ–ညောင်ဦး အသွားအပြန် ခရီးသွားလာရေးကို ရေနံချောင်း မြို့နယ်အသင်း(ရန်ကုန်)က တာဝန်ယူခဲ့သလို ကျန်တဲ့အုပ်ချုပ်မှုကိစ္စ၊ အထွေထွေကိစ္စများကို ရေနံချောင်းမြို့ နယ်အသင်း၊ မကွေးတိုင်းနှင့် ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ဆောင်ရွက်ပေးခဲ့ကြပါတယ်။ အလင်းအလှူတော်အတွက် ကျန်းမာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်လည်း ရရှိခဲ့ပါတယ်။

ဒီအလင်းအလှူတော်နဲ့ ပတ်သက်လို့ စဉ်းစားမိတာလေးရှိပါတယ်။ အလောင်းတော် သုဝဏ္ဏသာမရဲ့ ဖခင်နဲ့ မိခင်ဖြစ်ကြတဲ့ ဒုကုလနဲ့ ပါရိကာဟာ အတိတ်ဘဝက ဆေးသမားလင်မယားပါ။ မျက်စိ ရောဂါဖြစ်နေတဲ့လူနာက ဆေးဖိုးမပေးနိုင်တဲ့အတွက် နှစ်ဦးသဘောတူ တိုင်ပင်ပြီး မျက်စိကန်းအောင် လုပ်လိုက် ပါတယ်။ အလောင်းတော် သုဝဏ္ဏသာမရဲ့ ဖခင်၊ မိခင်ဘဝမှာ သစ်သီးသစ်ဥရှာဖွေပြီး ပြန်အလာ သစ်ပင်ကြီး တစ်ပင်အောက်ဝင်ပြီး တောင်ပို့ပေါ်မှာ ရပ်ပြီး မိုးခိုကြပါတယ်။ သူတို့ရဲ့ကိုယ်က ချွေးနံ့ရောတဲ့ မိုးရေပေါက်တွေက တောင်ပို့တွင်း ခေါင်းထဲကိုကျလို့ တွင်းထဲကမြွေဟောက်က အဆိပ်ခိုးတွေ မှုတ်ထုတ်လိုက်တာကြောင့် နှစ်ဦးစလုံး မြွေဆိပ်သင့်ပြီး မျက်စိချက်ချင်းကွယ်သွားပါတယ်။ နောက်ပိုင်းမှာ သားတော် သုဝဏ္ဏသာမအတွက် သစ္စာဆိုတော့မှ မျက်စိပြန်မြင်ကြရတာပါ။ဘုရားအလောင်းရဲ့ အမိအဖဖြစ်တဲ့သူတော်စင် ရသေ့တွေတောင်မှ မျက်စိပြန်မြင်ချင်တယ်ဆိုရင် သာမန်လူသားတွေအဖို့ ပိုမြင်ချင်ကြမှာ ဖြစ်ပါတယ်။

ဒီလူတွေအတွက် ဆရာတော်ဦးစီးတဲ့ အလင်းအလှူတော်ဟာ ထူးထူးခြားခြား မှတ်တမ်းတင်ရမယ့် အလှူပွဲကြီးပါ။

ဒီလှူဒါန်းမှုတွေဟာ ငွေရှိမှ ဖြစ်မြောက်ပေမယ့် ဒါနလည်းပြုတတ်ဦးမှ၊ လှူချင်တန်းချင်စိတ်လည်း ပေါ်ဦးမှ၊ သိုင်းဝိုင်းတဲ့လူတွေလည်းရှိဦးမှပါ၊ အာဠာဝက ဘီလူးရဲ့ မေးခွန်းတွေကို မြတ်စွာဘုရားက ပြန်လည်ဖြေကြားချီးမြှင့်တော်မူရာမှာ "ကပ်စေးနှဲသူဟာ ပေးရကမ်းရမယ်ဆိုရင် စစ်မြေပြင် နှစ်ဖက်အကြားသွားဖို့ ခဲယဉ်းသလို ခဲယဉ်းကြောင်း၊ တစ်လက်ဖက်စာ ပေးစွန့်ရမှာကို ဝန်လေးကြောင်း၊ အလှူဒါနကို ပြုသင့်ကြောင်း"ပါရှိတာကို တွေ့ရပါတယ်။

ဆရာတော်ဦးဇောတိက က ဗုဒ္ဓဘာသာဝင်အဖြစ်ဖြစ်လာရတာ၊ မြန်မာပြည်မှာ လူဖြစ်လာရတာဟာ အလွန်တရာ ကံထူးသူများဖြစ်တာမို့ မြန်မာပြည်နဲ့ ဗုဒ္ဓသာသနာကို တစ်နည်းနည်းနဲ့ (ကိုယ်တတ်နိုင်တဲ့ ခွန်အားနဲ့)ပြန်ပြီး ကျေးဇူးဆပ်ပါလို့ တရားချီးမြှင့်တဲ့ အခါတိုင်း သတိပေးတိုက်တွန်းဆုံးမလေ့ရှိပါတယ်။

အောင်မြင်ကြီးပွားတိုးတက်နေသူစေတနာရှင်ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ ဇာတိဌာနကို အလှူဒါနများ အပါအဝင် ဘက်ပေါင်းစုံဖြင့် ပြန်လည်အကျိုးပြုနေကြရာမှာ ဇာတိစွဲစိတ်ကို တွေ့မြင်ရပါတယ်။ ဇာတိစွဲစိတ်ဆိုတာ လူတိုင်းမှာရှိဖို့ အရေးကြီးပါတယ်။ ဒီစိတ်က တိုင်းပြည်နဲ့လူမျိုးကို ချစ်တတ်လာအောင် အစပျိုးလာတဲ့ အခြေခံမျိုးစေ့ကောင်းပါ။ နိုင်ငံတစ်နိုင်ငံမှာဆိုရင် ကျေးရွာတွေရဲ့ သမိုင်းစဉ်တွေကို မှတ်တမ်းတင်ထားလို့ သိရပါတယ်။ ကျေးရွာ စတည်ပုံ၊ မြေအကျယ်အဝန်း၊ တိုးတက်လာပုံ၊ ဒီကျေးရွာသား ဘယ်သူကဖြင့် ထင်ရှားတဲ့ စာရေးဆရာကြီး၊ ဆရာဝန်ကြီး၊ ကဗျာဆရာ စသည်ဖြင့် မှတ်သားထားပါတယ်။ နောင်လာနောက်သားတွေ အားကျအတုယူဖို့၊ ဂုဏ်ယူဖို့ ဖြစ်ပါတယ်။

ဘုရားအလောင်း သုမေဓာရှင်ရသေ့ဟာ "လောကတွင် အနိုင်းမဲ့အနစ်နာခံနိုင်သူဖြစ်ဖို့နဲ့ လောကတွင် သူတစ်ပါးအကျိုးကို အနိုင်းမဲ့ ဆောင်ရွက်နိုင်သူဖြစ်ဖို့" အဓိဋ္ဌာန်ပြုခဲ့ပါတယ်။ ဗုဒ္ဓရဲ့ဒေသနာတော်အရ လူသားတိုင်းမှာ ဘဝပေးတာဝန်နှစ်ခုရှိပါတယ်။ တစ်ခုက အနစ်နာခံခြင်းနဲ့ အခြားတစ်ခုက သူတစ်ပါးအကျိုး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုလို ရေနံချောင်းမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အလင်း အလှူတော်ဟာ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမ အတိုင်းပါပဲ။ ဒီသတင်းကို ကြားရ၊ ဖတ်ရသူအပေါင်းဟာ ကြီးမားတဲ့သဒ္ဓါတရားတွေ ပွားများပြီး ကုသိုလ်ဒါနပြုနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

မျက်စိ ခွဲစိတ်ကုသပြီး လူနာများအား ဆောင်ရန်၊ ရှောင်ရန်များ ရှင်းလင်းပြောကြားစဉ်။



အမှာစကား ပြောကြား

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(ရကတ)

ဓာတ်ငွေ့မော်တော်ယာဉ် ပြောင်းလဲတပ်ဆင်ခြင်း လုပ်ငန်းများ စနစ်တကျ မြန်ဆန်စွာပြီးစီးအောင် စီမံဆောင်ရွက်ကြစေလို

ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု တိုးတက်စေရေး တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှမော်ကွန်းထိန်းများ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့အနေဖြင့် အပတ်စဉ်ညှိနှိုင်းအစည်းအဝေးများ ကျင်းပ၍ ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဓာတ်ငွေ့သုံး

ယခုအခါ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီအောက်ရှိ ယာဉ်လိုင်းများမှ မော်တော်ယာဉ်များကို CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်လျက်ရှိရာ လုပ်ငန်းများစနစ်တကျ မြန်ဆန်စွာပြီးစီးအောင် စီမံဆောင်ရွက်ကြစေလိုကြောင်း။

CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲနိုင်သည်နှင့် အမျှ စက်သုံးဆီ မလုံလောက်မှုအတွက် မပူပင်ရတော့ဘဲ CNG အလုံအလောက် ရရှိနေသည်ဖြစ်၍ ယာဉ်များအတွက် ပိုမိုအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်းနှင့် ပြည်သူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှု တိုးတက်လာစေရေးနှင့် ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ မော်ကွန်းထိန်းများ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေးအတွက် ကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ပြည်သူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်းစနစ်တကျ လိုက်နာကြစေရေးနှင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆ ဖြစ်မှုများ လျော့နည်းကျဆင်းရေးအတွက် ပညာပေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ခရီးသွားပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မော်တော်ယာဉ်များကို CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စာအုပ်ပြပွဲပြသ၊ စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၂

ရာပြည့်စာအုပ်တိုက်၏ ၁၀နှစ်ပြည့် အထိမ်းအမှတ် စာအုပ်ပြပွဲကို ယနေ့ မွန်းလွဲပိုင်းက ပန်းဆိုးတန်းလမ်း လောကနတ်ပန်းချီပြခန်းတွင် ကျင်းပရာ ရာပြည့် စာအုပ်တိုက်ပိုင်ရှင် ဦးစိုးညွန့်က ပါရဂူရှန်တိနိကေတန် စာကြည့်တိုက်အတွက် ငွေကျပ်တစ်သိန်းနှင့် ကျပ်နှစ်သိန်းတန်ဖိုးရှိ စာအုပ်များကို စာရေးဆရာကြီး ပါရဂူထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ ခရိုင်နှင့် မြို့နယ်စာကြည့်တိုက်များအတွက် ကျပ်လေးသိန်းတန်ဖိုးရှိ ၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀ စာအုပ်ရေ ၄၀၀ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ငြိမ်းထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

စာအုပ်ပြပွဲကို ဇူလိုင် ၂၃ ရက်မှ ၃၀ရက်အထိ ပြသသွားမည်ဖြစ်သည်။

(က-ပ)

ရောင်နီဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇူလိုင် ၂၂

ရေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျောက်မိချောင်းကျေးရွာအုပ်စု ကွင်းရှည်ကျေးရွာ ရောင်နီဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်၊မြို့နယ်နှင့် ကျေးရွာမှတာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရောင်နီဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်သိန်းနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဝင်းကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်ဝင်းကြည်က လက်ခံယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ကိုကို မိုးစပါးစိုက်ကွင်းများ စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၂

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ် ကသစ်ဝိုင်ကျေးရွာ မိုးစပါးဧက ၃၀၀၀ကျော် စိုက်ကွင်းသို့သွားရောက်ရာ စိုက်ကွင်းရှုရပ်မှ ပဲခူးတိုင်း စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် သနပ်ပင်မြို့နယ် ကုလားချောင်းကြီးကျေးရွာ တိုက်နယ်ဆေးရုံသို့ လည်းကောင်း၊ ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲသို့လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် သနပ်ပင်မြို့နယ် ရွှေလှေစုကျေးရွာ မိုးစပါးစိုက်ကွင်းသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး မင်းရွာ ရေလွှဲပေါက်ရှိ ရှင်းလင်းဆောင်တွင် ပဲခူးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်က သနပ်ပင်မြို့နယ်အတွင်း ရေနုတ်မြောင်းများ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက သနပ်ပင်မြို့နယ်အတွင်း မိုးစပါးစိုက်ခင်းများ ရေလွှမ်းမှုမှ ကာကွယ်နိုင်ရေးကိုတင်စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ဝေါမြို့နယ် ကော့ဝင်းကျေးရွာမှ မိုးစပါးဧက ၃၀၀၀ ကျော် စိုက်ကွင်းနှင့် ကံမြင့်ကျေးရွာမှ မိုးစပါး ဧက ၂၅၀၀ ကျော် စိုက်ကွင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဒေသခံ တောင်သူကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်ချက်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်

၂၀၀၅-၂၀၀၆ ခုနှစ်တွင် သနပ်ပင်မြို့နယ်၏ မိုးစပါး လျာထားဧက ၁၇၈၉၅၈ ဧကတွင် ၁၃၉၄၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး ဝေါမြို့နယ်၏ မိုးစပါး လျာထားဧက ၁၇၃၇၀၀တွင် ဧက ၁၆၄၈၈၀ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် စိုက်ပျိုးရန် ကျန်ရှိလယ်မြေများကိုလည်း ရာသီအမီ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)



လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်နေ လျှပ်စစ်စွမ်းအင် အလေအလွင့်မရှိစေဘဲ အကျိုးရှိစွာ စနစ်တကျသုံးစွဲသွားကြရန်လို

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မြက်တိုပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရေဝတီတိုင်း ပုသိမ်မြို့ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြက်တိုပင်မဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၂

လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြက်တိုပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ဓာတ်အားခွဲရုံ ထိန်းသိမ်းမောင်းနှင်ရေးစက်ခန်း၌ တိုင်းလျှပ်စစ်အင်ဂျင်နီယာဦးတင်လှက နေ့စဉ်ဓာတ်အားထုတ်လွှတ် ဖြန့်ဖြူးပေးနိုင်မှုနှင့် လအလိုက် ဓာတ်အားထုတ်လွှတ်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စေတနာထား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မဟာဓာတ်အားလိုင်းမှ ရရှိသည့် ဓာတ်အားများကို နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ၊ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများနှင့် ပြည်သူများသို့ အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အား ပျောက်ဆုံးမှုများ မရှိစေရေးအတွက် ဝန်ထမ်းများက စေတနာထား ဂရုပြု ဆောင်ရွက်ကြရန်လိုကြောင်း။

တိုးချဲ့တည်ဆောက်

နိုင်ငံတော်အစိုးရအနေဖြင့်လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး အတွက် ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံများ အပါအဝင် ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများ အနေဖြင့် အခြားဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ မလိုအပ်သော အချိန်၊ မလိုအပ်သော နေရာများ၌ လျှပ်စစ်မီး အသုံးမပြုစေရေးကို ကြပ်မတ် ဆောင်ရွက်သွားရန်နှင့် လျှပ်စစ်စွမ်းအင်အလေအလွင့် မရှိစေဘဲ အကျိုးရှိစွာ စနစ်တကျ သုံးစွဲသွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စွမ်းအင်ဝန်ကြီးဌာန တိုင်း ရောင်းဝယ်ရေးအရာရှိ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်သုံးဆီများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးကို ဂရုပြု ဆောင်ရွက်ရန်နှင့် ပြည်သူများသို့ စက်သုံးဆီများဖြန့်ဖြူးပေးရာတွင် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင် ဖြန့်ဖြူးနိုင်ရေး စနစ်တကျ ဆောင်ရွက်ရန်မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တာဝန်ရှိသူများနှင့် အတူ ဓာတ်အားခွဲရုံဝင်းအတွင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အစားအသောက်များ၌ ခွင့်မပြုသောဆိုးဆေးများပါဝင် စံချိန်မမီဆေးဝါးများ၊ ဆေးဝါးအတုများကို ဖော်ထုတ်

ရန်ကုန် ဇူလိုင် ၂၂

ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အထူးအစည်းအဝေးကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့် အမှာစကားပြောကြားရာ၌ အစားအသောက်နှင့် ဆေးဝါးနှင့် ပတ်သက်၍ အမျိုးသားဥပဒေပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ဆေးများ၊ အစားအသောက်များနှင့် ပတ်သက်၍ ပြည်သူများ စစ်မှန်၍ အရည်အသွေးပြည့်မီသော အစားအသောက်နှင့် ဆေးဝါးများရရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ စည်ပင်သာယာရေးဌာန အနေဖြင့်လည်းကောင်း ဆောင်ရွက်ရန် ဥပဒေများရှိကြောင်း။

ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တို့၌ စည်ပင်သာယာရေးကော်မတီများက အရေးယူ ဆောင်ရွက်နိုင်ပြီး အခြားမြို့နယ်များ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းတာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် အစားအသောက်များ၌ ခွင့်မပြုသော ဆိုးဆေးများ ပါဝင်မှုကြောင့် ပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်လျက်ရှိကြောင်း၊ ရောင်းချသည့် အစားအစာများသည် အရည်အသွေး သတ်မှတ်ချက်နှင့် ကိုက်ညီရန် လိုအပ်ကြောင်း။

ဗဟို အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ကော်မတီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပါဝင်ပြီး အစားအသောက်နှင့် ဆေးဝါး အန္တရာယ်ကို ဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဈေးကွက်တွင်ရှိသော ဆေးဝါးများ၏ အရည်အသွေးနှင့် အာနိသင်ကို စဉ်ဆက်မပြတ် စိစစ်၍ စံချိန်မမီသောဆေးဝါးများ၊ ဆေးဝါး အတုများကို ထုတ်ဖော်၍ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စမ်းသပ်စစ်ဆေးရာတွင် စံချိန်မီနမူနာနှင့် တင်သွင်းထုတ်လုပ်သည့် စံချိန်မမီသော ဆေးဝါး ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရှိရကြောင်း၊ ပြည်သူများအတွက် အန္တရာယ် မဖြစ်စေရန် ဆေးဝါးအကြံပေး ကော်မတီက ဆေးဝါးအရည်အသွေး အာနိသင်ရှိမှုနှင့် ဘေးထွက်ဆိုးကျိုးများရှိသော ဆေးများကို စိစစ်၍ မှတ်ပုံတင် ခွင့်ပြုလျက်ရှိကြောင်း။

အကောင်အထည်ဖော်

ပြည်သူလူထုအတွက် အန္တရာယ်ကင်းစင်ပြီး အရည်အသွေးပြည့်မီသည့် စစ်မှန်ကောင်းမွန်သော အစားအသောက်နှင့် ဆေးဝါးများ ရရှိစေရန် ဝန်ကြီးဌာန အသီးသီးသည် မိမိတို့ဌာန တစ်ခုချင်း၏ လုပ်ငန်းကဏ္ဍအလိုက်နှင့် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုအပိုင်းကို ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆေးဝါးနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှု အားနည်းနေသည့်အတွက် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ကော်မတီများ အနေဖြင့် ထိရောက်စွာ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က အစားအသောက်နှင့် ဆေးဝါးများနှင့် ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ကော်မတီများက အရေးယူဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုဌာန) ဒေါက်တာ စိုးမြတ်ထွန်းက အစားအသောက်ဆိုင်ရာ အမိန့်ကြော်ငြာစာ (မူကြမ်း)ကို ဖတ်ကြားရှင်းလင်းပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ပုဂ္ဂိုလ်များက အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာ စကားပြောကြားပြီး အထူးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း ၁၆/၁ ရပ်ကွက် အမှတ် (၁၀၃၀) နေ ဦးကြည်မောင် – ဒေါ်အေးအေးမြင့်ထွန်းမိသားစု (သစ်ခွဲစက်) တို့က ဧရာဝတီတိုင်း ရေကြည်မြို့နယ် အသုတ်မြို့ ဓမ္မနာဒဝေဠုဝန်ရိပ်သာ တည်ဆောက်ရန်အတွက် အလှူတော် ငွေကျပ်တစ်သိန်းကို ဓမ္မနာဒဝေဠုဝန်ရိပ်သာ ဥက္ကဋ္ဌ သီဟသုဓမ္မဇောတိကဓဇ ဓမ္မာစရိယ ဦးတင်ရွှေထံပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ကျန်းမာရေးဦးစီးဌာနဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိ တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရဋ္ဌသာရ အမှူးပြုသည့် စာချ၊ စာသင် သံဃာတော်အပါး ၂၀၀တို့အား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် အမှူးပြုသည့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းမိသားစုတို့က ယမန်နေ့တွင် ဒုတိယ အကြိမ်မြောက် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

အတ္တကင်းစင် နိဗ္ဗာန်ဝင် တရားတော် ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၂

၁၃၆၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ရက်၊ ဇူလိုင် ၂၅ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသည့် ဆရာတော်ငါးပါးတို့က "အတ္တကင်းစင် နိဗ္ဗာန်ဝင်တရားတော်"နှင့် "အနတ္တလက္ခဏသုတ်ပါဠိတော်များ"ကို အသံလွှင့်ဟောကြားတော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၅) ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၂

မိုးဦးကာလ မြန်မာ့လယ်ယာမြေ၏ သစ်လွင်စိမ်းလန်းသောအလှကို ဖော်ကျူးဂုဏ်ပြုလျက် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၇၅)ကိုယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

ကြည်အောင် (ကေတုမတီ)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ နောင်၊ တင့်ထွန်း(ချောက်)၊ ဗိုလ်ချုပ်မြေမြင့်ဆွေ၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ရွှေမြိုင်မောင်ဖူးဝါ၊ ကိုစိုင်းထက်မြက်သိမ်း၊ ပွင့်မွန်မွန်သိမ်းတို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ ဒေါက်တာမတင်ဝင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ချစ်နိုင်(စိတ်ပညာ)၊မောင်ခင်မင်(ဓနုဖြူ)၊ မြင်းမူမောင်နိုင်မိုး၊ ပခုက္ကူဦးအုံးဖေ၊ ဗိုလ်ကလေးတင့်အောင်၊ အောင်ဇင်၊ မောင်သိင်္ဂီ(ရွှေဘို)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ သန်းဝင်းရှိန်၊ စိုးမြင့်ငြိမ်း၊ တက္ကသိုလ်စိုးယဉ်၊ မောင်ကြည်မော်-စကု၊ သင်းသင်းမြတ်၊ အောင်ခင်(ဥပဒေ)၊ မွှေးငယ်ငယ်၊ ကော့မှူးမြကြိုင်၊ ကျော်ဇောဟိန်း(ဒေါပုံ)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ယုဝတီခင်စိန်လှိုင်၊ ညိုလွမ်းအောင်၊ သျှိ(အင်ကြင်း)၊ မာဃိန္ဒ(ပုသိမ်ကြီး)၊ ကြည်ကြည်မြိုင် (ကျောက်တံခါး)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ လှထွဋ်ဦး၊ မောင်နေမွန်၊ စိုးစံ၊ ရွှေကိုဦးတို့၏ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်ကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံ၊ လွိုင်ကော်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ် ပါဒကြီးဘုရားတွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ (ဗဟို) အဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရန်ကုန် အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်း၍ အရိပ်ရသစ်ပင်များ တပျော်တပါး စိုက်ပျိုးကြစဉ်။ (အမျိုးသမီးရေးရာ)

ဧရာဝတီတိုင်း ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

ရန်ကုန် ဇူလိုင် ၂၂

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ပုသိမ်မြို့ ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၄ရက်က ပုသိမ်မြို့ ပန်းခြံဆိပ်ကမ်း ဆိပ်ခံဇောတံတားတွင် ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သူနာပြုများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုအင်အား ၃၅၀ တက်ရောက်ခဲ့ကြသည်။

ကောင်ရေခုနစ်သိန်းကျော်

အခမ်းအနားတွင် ဝေန်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ကြရာ ဧရာဝတီတိုင်း ငါးလုပ်ငန်းစခန်းမှ မျိုးငါးများဖြစ်သည့် ငါးမြစ်ချင်း ၁၅၀၊ ငါးခေါင်းပွ ၅၀၊ ငါးတန် ၂၀၊ ငါးသန်ငါးမြစ်ချင်း ၅၀၀၀၀၀၊ ငါးခုံးမ ၂၀၀၀၀၀၊ ငါးမြစ်ချင်း ငါးဖျမ်း ၁၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၇၁၀၂၂၀ ကို မျိုးစိုက်ထည့်ခဲ့သည်။ (သတင်းစဉ်)



နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် သင်တန်းများဆင်းပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်သည် ယနေ့နံနက် ၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့် မြေယာအလှပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၁)၊ အိမ်တွင်းမှု အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၈)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၃၅)နှင့် (၃၆)သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ယင်းသင်တန်းများ ဆင်းပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ အထူးအရာရှိနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး အိမ်တွင်းမှု အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၈)တွင်စံပြသင်တန်းသူဆုရရှိသော အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (မတူပီမြို့)မှ လက်ထောက်နည်းပြ ဒေါ်ခင်စန်းဝင်းအား လည်းကောင်း၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၃၅)တွင် စံပြထူးချွန်ဆုရရှိသော စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ အကြီးတန်းစာရေး ဒေါ်ခင်မိုးဆွေအားလည်းကောင်း၊ စာပေထူးချွန်ဆုရရှိသော မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကြီးတန်းစာရေး ဒေါ်တင်မာအေးအားလည်းကောင်း၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၃၆)တွင် စံပြသင်တန်းသူဆုရရှိသော နယ်လှည့်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးထားဝယ်မြို့မှ အငယ်တန်းစာရေး ဒေါ်အေးငြိမ်းသူအား လည်းကောင်း ဆုများချီးမြှင့်၍ အဆင့်မြင့် မြေယာအလှပြုပြင်ခြင်း သင်တန်းအမှတ်စဉ် (၁) အပါအဝင် သင်တန်း(၄)ခု၏ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်သည်။

အဆင့်မြင့် မြေယာ အလှပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၁)သို့ သင်တန်းသား(၁၅)ဦး တက်ရောက် အောင်မြင်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့သည်။ အိမ်တွင်းမှု အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၈)၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၃၅)နှင့် (၃၆)တို့သို့ သင်တန်းသူ ၁၀၅ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့သည်။

သင်တန်းများဆင်းပွဲ အပြီးတွင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် အဖွဲ့သည် အသစ်ဖွင့်လှစ်မည့် စစ်ကိုင်းတိုင်း လေရှီး၊လဟယ် နှင့် နန်းယွန်းမြို့၊ ကချင်ပြည်နယ် ပူတာအို၊ ဒွန်ဘန်နှင့် ဒေါ့ဖုန်းယန်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများမှ အထူးမွမ်းမံသင်တန်း တက်ရောက်နေသော သင်တန်းသူ နည်းပြများ၏ အပ်ချုပ်စက် စက်ချုပ်လေ့ကျင့်နေမှု၊ သိုးမွှေးထိုးစက်၊ သိုးမွှေးစက်ဆွဲလေ့ကျင့်နေမှုများကိုလည်းကောင်း၊ သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ ထပ်မံတိုးချဲ့ဖွင့်လှစ်မည့် ယဉ်ကျေးမှုဌာနစိတ်အတွက် ခန့်အပ်ထားသော နည်းပြများ၏ မွမ်းမံသင်တန်းသို့ရောက်ရှိပြီး အက နည်းပြများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ ပတ္တလား၊ တယော၊ စောင်း၊ အော်ဂင်(စန္ဒရား) နည်းပြများ၏ တီးခတ်လေ့ကျင့်မှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ယင်းနောက်ဝန်ကြီးသည်သင်တန်းခန်းမ၌ အထူးမွမ်းမံသင်တန်း တက်ရောက်နေသော နည်းပြများ၊ ထပ်မံတိုးချဲ့ဖွင့်လှစ်မည့် ယဉ်ကျေးမှုဌာနစိတ်အတွက် ခန့်အပ်ထားသော နည်းပြများ၊ ဝန်ထမ်းများအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

သွေးလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၂

ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ (၈၉)ကြိမ်မြောက် ဒါနဥပပါရမီ ဒါနပရမတ္တပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ ဩဂုတ် ၇ရက် နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူများ လာရောက်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့(ဗဟို)သည် ရန်ကုန်အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ယနေ့ နံနက် ၇နာရီခွဲတွင် သန်လျင်မြို့နယ် ပါဒကြီးဘုရား၌ သစ်ပင်များ စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်များစိုက်ပျိုးရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့(ဗဟို)မှ အဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်း၍ အရိပ်ရသစ်ပင်စုစုပေါင်း ၁၄၀ကို တပျော်တပါး စိုက်ပျိုးကြပြီး ပါဒကြီးဘုရား ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် ဇူလိုင် ၂၂

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများ ဖြစ်ကြသော ဦးခင်မောင်အေးနှင့် ဦးတင်အေး တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀နာရီတွင် တရားရုံးချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုလေးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ ကချင်ပြည်နယ် မိုးကောင်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၂၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိန္ဒာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၂၂)**
- ၁:၀၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁:၂၀ ၈။ **မြန်မာ့ဓလေ့ "ဝါဆိုလဘွဲ့များ" (စိန်ဗိုလ်တင့် စီစဉ်တင်ဆက်သည်။)**
- ၂:၀၀ ၉။ တေးဂီတအစီအစဉ်
- ၂:၁၅ ၁၀။ **(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပြင်ဆင်ကြိုးစား လေ့လျှော်အားကစား**
- ၂:၃၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၄၀ ၁၂။ သုံးဆယ်ရေလှောင်တမံ
- ၂:၄၅ ၁၃။ International News.
- ၃:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Every day Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)**
- ၅:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅:၃၀ ၇။ နားဝင်ပီယံသူ့လက်သံ
- ၅:၃၅ ၈။ တေးဂီတအစီအစဉ်
- ၅:၄၅ ၉။ **"ဒီအိုတီအက်စ်" (ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း) [ဒါရိုက်တာ–သိန်းဟန်]**
- ၅:၅၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၂၀ ၁၁။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း–၄၁)**
- ၇:၄၀ ၁၅။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း–၆၀)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့ ဩဝါဒခံယူပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကျင်းပ

ရန်ကုန်　ဇူလိုင်　၂၂

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က ပြီးခဲ့သည့် လေးလတာကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် စေတီတော်ဂေါပကအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင် တက်ရောက်ကြည့်ရှု၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

ဩဝါဒခံယူပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပုဇွန်တောင် မြို့နယ် ဘုရားဖြူကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရိန္ဒာဘိဝံသ အမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက် ချီးမြှင့်တော်မူကြပြီး သာသနာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတီတော်တာဝန်ခံ အလှည့်ကျ ဂေါပကဦးအောင်ဆုနှင့် ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ဩဝါဒါစရိယ စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

တင်ပြလျှောက်ထား

ယင်းနောက် ဩဝါဒါစရိယ ဆရာတော် အရှင်သူမြတ်များထံ တာဝန်ခံ အလှည့်ကျ ဂေါပက ဦးအောင်ဆုက ပြီးခဲ့သည့် လေးလတာကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော် အရှင်သူမြတ်များထံမှ ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ စေတီတော်ဂေါပက အဖွဲ့ဝင်များက ဩဝါဒခံယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဩဝါဒါစရိယ ဆရာတော် အရှင်သူမြတ်များအား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများ၊ စေတီတော် တာဝန်ခံ အလှည့်ကျ ဂေါပက ဦးအောင်ဆုနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ထံမှ ဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားများ နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဩဝါဒါစရိယ ဆရာတော် အရှင်သူမြတ်များအား ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ စေတီတော်ဂေါပက အဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကိုယ်ပွား သတင်းစာတိုက် (မန္တလေး) ဝန်ထမ်းမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် မန္တလေး ချမ်းအေးသာစံမြို့နယ် ဝါခင်းကုန်း ဝိဇယာရာမ ရာကျော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိဇယ အမှူးပြုသော သံဃာတော်များအား ကိုယ်ပွား သတင်းစာတိုက် စာတည်းမှူးနှင့် ဝန်ထမ်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆုတောင်းပြည့်ကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၂

မင်္ဂလာတောင်ညွန့်မြို့နယ် အထက် ပုဇွန်တောင်လမ်း ဆုတောင်းပြည့် ကျောင်းတိုက် ပဓာန မဟာနာယက ဆရာတော် ဘဒ္ဒန္တသုမနာနန္ဒ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနှင့် သံဃာတော်များအား စုပေါင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲ၊ ဆုတောင်းပြည့်ကျောင်းတိုက် ဓမ္မာနုဂ္ဂဟစာမေးပွဲ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ၊ သဘောတရားနှင့် လက်တွေ့ငါးရက်စခန်း ဝိပဿနာသင်တန်း၊ဆွမ်းအလှူရှင်များ၏ စုပေါင်း ရေစက်ချပွဲ၊ စာအောင်သံဃာ ဂုဏ်ပြုပူဇော်ပွဲများကို ဇူလိုင် ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ အလှူရှင်များ အချိန်မီကြွရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

ဆက်ကပ်လှူဒါန်း

ကဏန်းလုပ်ငန်း စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှုကော်မတီ၏ ဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ရက်က ဆိပ်ကမ်းမြို့နယ်ရှိကော်မတီရုံး၌ပြုလုပ်ရာ ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောကပဏ္ဍိတ အမှူးပြုသော သံဃာတော်များအား ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် ကော်မတီဝင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မန္တလေး ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွား သတင်းစာတိုက် (မန္တလေး) ဝန်ထမ်း မိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်နေ့) နံနက် ၁၀နာရီက အဆိုပါကိုယ်ပွားသတင်းစာတိုက် ကွန်ပျူတာခန်းမ၌ ကျင်းပရာ မန္တလေး ချမ်းအေးသာစံမြို့နယ် ဝါခင်းကုန်း ဝိဇယာရာမရာကျော် ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိဇယ အမှူးပြုသော သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး ကိုယ်ပွားသတင်းစာတိုက် စာတည်းမှူးနှင့် ဝန်ထမ်းမိသားစုများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဝါခင်းကုန်းဝိဇယာရာမ ရာကျော်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ရေစက်သွန်းချ

ထို့နောက် စာတည်းမှူးနှင့် ဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဆင်းရွှေလီ အထူးအထွက်တိုး မိုးစပါး ပျိုးကြဲပွဲတော် တန့်ယန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်၌ ၂၀၀၅-၂၀၀၆ ခုနှစ် မိုးရာသီ ဆင်းရွှေလီ အထူးအထွက်တိုးမိုးစပါး ပျိုးကြဲပွဲတော် အခမ်းအနားကို ဇွန် ၂၆ရက်တွင် တန့်ယန်းမြို့နယ် ခိုယောင်းရှိ တောင်သူများ၏ စုပေါင်း စိုက်ခင်းများ၌ ကျင်းပကြသည်။

အခမ်းအနားတွင် တန့်ယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစံရွှေအောင်က ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း တန့်ယန်းမြို့နယ်၌ စိုက်ပျိုးရန်လျာထားချက်များ ပြည့်မီစွာ စိုက်ပျိုးသွားနိုင်ရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက ဆင်းရွှေလီ အထူးအထွက်တိုး မိုးစပါး ပျိုးကြဲပွဲကို ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)



အင်းစိန်မြို့သစ် (က+ခ)ရပ်ကွက်၊ က-၃ လမ်းရှိ ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး အာရုံခံတန်ဆောင်း တည်ဆောက်ရန်အတွက် အလှူငွေ ပေးအပ်ပွဲ၌ အလှူရှင် အင်းစိန် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းနေ တရားရုံးချုပ်ရှေ့နေ (နိုင်ငံတော် ပဗ္ဗလစ်) ဦးလှကြည်နှင့် သမီးများက အလှူငွေ ကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြ၁)



ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်နေ့)က တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဒဂုံသီရိလမ်းနှင့် ဩဘာလမ်းထောင့်ရှိ ဓမ္မရက္ခိတဓမ္မာရုံကြီးတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပရာ သဒ္ဓမ္မဇောတိကဓဇ မဟာပဋ္ဌာန်း ဆရာတော်ဘဒ္ဒန္တဝါယမထံမှ ဓမ္မာရုံ၏ အကျိုးတော်ဆောင်များနှင့် အလှူရှင်များလှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူကြစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ နှစ်ပတ်လည်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၏ ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၏ ဇနီး ဒေါ်စမ်းစမ်းဝေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ဇနီး ဒေါ်ခင်မေစိုးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများ၊ အလှူရှင်များ၊ ကလေးပြိုင်ပွဲဝင် မိခင်နှင့်ကလေးများ၊ သားကောင်းမိခင်ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ရဲချုပ်၏ဇနီး ဒေါ်ခင်မေစိုးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ နှစ်ပတ်လည် အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းခွဲ အဖွဲ့ဝင် ဒုတိယရဲချုပ်၏ဇနီး ဒေါက်တာဒေါ်သက်နွယ်ဦးက ဖတ်ကြားတင်ပြပြီး သားဖွားခန်း ကြီးကြပ်မှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ညိုညိုဝင်းက သားဖွားခန်းဆိုင်ရာကဏ္ဍကို တင်ပြသည်။

ဆက်လက်၍ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်သန်းက ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက် ရယူသည်။ ထို့နောက် အသက်အပိုင်းအခြားအလိုက် ကလေးပြိုင်ပွဲ ဆုရသူများနှင့် သားကောင်းမိခင်ဆု ရရှိကြသူများအား ဆုများ ချီးမြှင့်သည်။ ထို့နောက် ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်အတွက် မူလတန်းအဆင့် ၂၈၃ဦး၊ အလယ်တန်းအဆင့် ၂၀၅ဦး၊ အထက်တန်းအဆင့် ၁၁၀ စုစုပေါင်း ၅၉၈ဦးအား ငွေကျပ် ၈၉၂၁၀၀တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပြီး အလှူရှင်များက အလှူငွေများ ပေးအပ်ကာ ဂုဏ်ပြုလွှာများ ပေးအပ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ နှစ်ပတ်လည်အခမ်းအနားကို မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး အသက်အပိုင်းအခြားအလိုက် ကလေးပြိုင်ပွဲဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပြည်ထဲရေး)

မဗ္ဗပိယရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း ဓမ္မပိယရိပ်သာ (၁၄) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ ကြွရောက်ရန် ဖိတ်ကြားထားသည်။

(က-ပ)

ဝါရင့်အင်ဂျင်နီယာကြီးများ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ လူမှုရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပမည့် စက်မှုအင်ဂျင်နီယာ နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၃ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ အမ်အိုင်စီတီပတ်ခ် ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ဝါရင့်အင်ဂျင်နီယာကြီးများဖြစ်သော ဦးကျင်လှိုင်နှင့် ဦးစံထွန်းအောင်တို့က အင်ဂျင်နီယာနှင့် အင်ဂျင်နီယာအလုပ်ဆိုသည်မှာ၊ လူနေမြို့ရွာ ဖွံ့ဖြိုးတိုးတက်လာပုံဟူသည့် ခေါင်းစဉ်များဖြင့် အသီးသီး ဟောပြောပို့ချကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်ကြပါရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက နှိုးဆော်ထားသည်။

(က-ပ)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုး အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆွေးနွေးပွဲအတွေ့အကြုံ ပဲခူးတိုင်းတွင် ရှင်းလင်း

ရန်ကုန် ဇူလိုင် ၂၂

ရှေ့နေချုပ်နှင့် ပြည်နယ်တိုင်းဥပဒေအရာရှိများ၏ (၂၇)ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ပဲခူးတိုင်း ဥပဒေရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၂ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပဲခူးတိုင်း ဥပဒေအရာရှိ ဦးဟန်ညွန့်က တိုင်းအဆင့်၊ခရိုင်အဆင့်၊မြို့နယ်အဆင့် ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်း မှာကြားသည်။ (တိုင်းဥပဒေ)

ကမာရွတ်မြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၁၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်နွယ်က ငါးနှစ်ဆက်တိုက် ဆုရရှိသည့် မဇောယမင်းနိုင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association. MAWFA) စတုတ္ထအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဒုတိယဝန်ကြီးများ၏ ဇနီးများဖြစ်ကြသော ဒေါ်လဲ့လဲ့ကြည်နှင့် ဒေါက်တာဒေါ်ခင်မြဝင်း၊ ဂုဏ်ထူးဆောင် အဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများနှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံရုံးများမှ အမျိုးသမီး သံအမတ်ကြီးများ၊ သံအမတ်ကြီးများ၏ ဇနီးများနှင့် သံတမန်အဖွဲ့ဝင်များ၏ ဇနီးများ၊ အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်နှင်းညွှန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အတွင်းရေးမှူးက ၂၀၀၄-၂၀၀၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူးက ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေး ရှင်းတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြပြီး အတည်ပြုကြသည်။

လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း အတွက် အလှူငွေပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Mme. Phoebe A. Gomez က ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးက လှူဒါန်းငွေ အမေရိကန် ဒေါ်လာ ၁၀၀၊ ဒေါ်ယုယုခိုင် (ဆင်းမာပရိဘောဂများကုမ္ပဏီ)က ငွေကျပ်နှစ်သိန်း၊ ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့် (KSS Co., Ltd.) က ငွေကျပ် ၁၉၅၀၀၀တန်ဖိုးရှိ နေ့လယ်စာ၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး၏ ဇနီး Mme. Datin Hajah Juriah Mustapha က ငွေကျပ်တစ်သိန်း၊ နာယကအဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုးက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Cheah Sam Kip က ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး၏ဇနီး Mme. Mayouly Bodhisane က ငွေကျပ် တစ်သိန်း၊ Myanmar C.B Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၏ ဇနီး Mme. Dana Phany က ငွေကျပ် တစ်သိန်း၊ ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသားများ၏ ဇနီးများကိုယ်စား ထိုင်းနိုင်ငံ သံအမတ်ကြီး၏ ဇနီး Mme. Sukunya Dhirakaosal က ငွေကျပ် တစ်သိန်း၊ ဘရာဇီး၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက ငွေကျပ် ၄၀၀၀၀၊ နာယကအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်မြဝင်းက ငွေကျပ် ၂၅၀၀၀၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ၏ဇနီး Mme. Nguyen Thi Hoang Bich က ငွေကျပ် ၅၀၀၀၀၊ MAWFA အဖွဲ့ဝင် ဒေါက်တာသန်းသန်းခိုင်က ငွေကျပ် ၃၀၀၀၀၊ နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်သီသီတာက ငွေကျပ်တစ်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၏ ဇနီး ဒေါ်သီတာညွှန့်က ငွေကျပ် ၁၀၀၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ နာယကအဖွဲ့ဝင်ဒေါ်မြင့်မြင့်စိုး၊ ဒေါက်တာဒေါ်ခင်မြဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး၏ ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး၏ဇနီးနှင့် အသင်းဥက္ကဋ္ဌ ဒေါ်ခင်နှင်းညွှန့်တို့က အသီးသီး လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

အမှာစကား

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါ်ခင်နှင်းညွှန့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပထမအကြိမ် မိဘဆရာ သင်းလုံးကျွတ် အစည်းအဝေးနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၆ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့် အမှာစကားပြောကြားစဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မြို့လှရေလှောင်တမံ စစ်ဆေး ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၂၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် အင်းခုံကျေးရွာအနီးရှိ မြို့လှချောင်းပေါ်တွင် တည်ဆောက်ထားသော မြို့လှ (တပ်ကုန်း) ရေလှောင် တမံစီမံကိန်းသို့ ရောက်ရှိသည်။

တိုင်းမှူးနှင့် အဖွဲ့အား စီမံကိန်း ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီး ဌာန တည်ဆောက်ရေး(၅)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက မြို့လှ (တပ်ကုန်း) ရေလှောင်တမံဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရမည်းသင်းခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည် ရှိန်က ရမည်းသင်းခရိုင်အတွင်း မိုးစပါး စိုက်ပျိုးရန် လျာထားမှု၊ မြေပြုပြင်မှု၊ ပျိုးထောင်မှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများ၊ စိုက်ဧကတိုးချဲ့ရေးအတွက် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေမှု အခြေ အနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်ချက်များ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်း ခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

မြို့လှ (တပ်ကုန်း) ရေလှောင်တမံ သည် မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့်ပေ ၈၀၊ တမံ အလျားပေ ၂၀၀၀ ဖြစ်၍ ကန်ရေပြည့်ရေလှောင် ပမာဏမှာ ဧကပေ ၁၃၀၀၀၊ ရေသေ ရေလှောင်ပမာဏမှာ ဧကပေ ၃၀၀၀ ဖြစ်သည်။ ရေပြည့်ရေ အမှတ်မှာ ပေ ၈၇၀၊ ရေသေ အမှတ်မှာ ပေ ၈၄၀ ဖြစ်ပြီး ရေပိုလွှဲ အလျားပေ ၃၀ ရှိ သံကူကွန်ကရစ်ရေပိုလွှဲဖြစ်ရာ စိုက်ပျိုး ရေဧကပေ ၁၀၀၀၀ အကျိုးပြုပေးဝေ နိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပေါင်း လောင်း ရေလှောင်တမံ ဘက်စုံ စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြား ရေးမှူး ဦးလွှမ်းမိုးနှင့်တာဝန်ရှိသူများက ပေါင်းလောင်း ရေလှောင်တမံစီမံကိန်း ဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်း ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ပေါင်း လောင်း ဓာတ်အားပေးစက်ရုံ၌ စက်ရုံ ပုံစံငယ်ကိုလည်းကောင်း၊ ဂျင်နရေတာ စက်တစ်လုံးစီမှ ထုတ်လုပ်သော ဓာတ်အားများကို ထိန်းချုပ်သည့် စက် ခန်းနှင့် တာဘိုင်စက်များ မောင်းနှင် လည်ပတ်နေမှုနှင့် ဗဟိုထိန်းချုပ်ခန်း တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ စက်ရုံမှူး ဦးငွေသိန်းနှင့် တာဝန်ရှိသူများက လိုက်ပါရှင်းလင်း ပြသပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ရေလှောင် တမံအတွင်း ရေဝင်ရောက်မှုအပေါ် မူတည်၍ မဂ္ဂါဝပ် ၇၀ စက်လေးလုံး လည်ပတ် ဓာတ်အားပို့လွှတ်လျက်ရှိ ရာ ပေါင်းလောင်း ရေလှောင်တမံ၏ ကန်ရေပြည့်ရေလှောင်တမံ ပမာဏမှာ ဧကပေ ၅၆၀၀၀၀ ဖြစ်ပြီး လက်ရှိရေ ပမာဏမှာ ၂၈၄၉ ဧကပေဖြစ်သည်။ ဆည်ရေအကျိုးပြု ဧက ၃၅၀၀၀ ဖြစ်ပြီး မန္တလေးတိုင်းမှ ဧက ၁၉၀၀၀၊ ပဲခူးတိုင်း မှ ဧက ၁၆၀၀၀ ဖြစ်ကြောင်း သိရသည်။

ညနေ ၅ နာရီတွင် တိုင်းမှူးသည် ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီး၏ အရှေ့ဘက် လေးမိုင်ခန့်အကွာ၌ တည်ရှိသည့် ထီးလှိုင်ကျေးရွာ၏ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကျော်တင့်နှင့် ထီးလှိုင်ကျေးရွာ မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဇီဝဓာတ်ငွေ့ သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးက ဇီဝဓာတ်ငွေ့ သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ အား မီးခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံ အတွင်း လှည့်လည်ကြည့်ရှု အားပေး သည်။

ထီးလှိုင်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံကို မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းမှ စက်ပစ္စည်းဖိုး ငွေကျပ် ၁၀ သိန်း မတည်ပေးခဲ့ပြီး ကျေးရွာပြည်သူများမှ လှူဒါန်းငွေ ကျပ် ၃၅ သိန်း စုစုပေါင်း ငွေကျပ် ၄၅ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ ခြင်းဖြစ်သည်။

- ဆက်ကပ်လှူဒါန်း -

ယင်းနောက် တိုင်းမှူးသည် ထီးလှိုင် ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ နိုင်ငံတော်ဩဝါဒါစရိယ ပါဠိပါရဂူ ပိဋကတ်လမ်းညွှန်ကျမ်းပြု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟဗလ အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

- ကြည့်ရှုစစ်ဆေး -

ဆက်လက်၍ တိုင်းမှူးသည် ၁၆ ခုတင်ဆံ့ ထီးလှိုင်တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်၍ ဆေးရုံ အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

(သတင်းစဉ်)

စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ချီးမြှင့်ငွေပေးအပ်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ထောက်ပံ့ချီးမြှင့်သော ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နယ်မြေရှိ စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၇ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပ သည်။

အခမ်းအနားတွင် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ငြိမ်း(ငြိမ်း)က အမှာစကားပြောကြားပြီး အသက် (၇၅)နှစ်နှင့်အထက် စစ်မှု ထမ်းဟောင်း ၂၁ဦး၊ မသန်စွမ်း စစ်မှုထမ်းဟောင်းတစ်ဦးနှင့် တပ်မတော် တက္ကသိုလ်အသီးသီးတွင် တက်ရောက်သင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသုံးဦးတို့အား မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တရာဂသေန အမှူးပြုသော စာချစာသင် သံဃာတော် အရှင်သူမြတ် ၆၅ပါးတို့ကို ကွယ်လွန်သူ ဦးကျော်အား ရည်စူး၍ အလှူရှင် ဒေါ်သန်းရင်နှင့် သားသမီးများဖြစ်ကြသော ဦးသိန်းဦး-ဒေါ်ခင်ခင်စိန်မိသားစုတို့က ဝါဆိုသင်္ကန်းများ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

အင်းစိန်မြို့နယ် မလွန်ဆန်လှူသင်းထောက်သို့ အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၂၂

အင်းစိန်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ စက်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုး ကြီးသုံးရပ်နှင့် မန္တလေး ငါးမြို့နယ် ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင် များအား ဆွမ်းဆန်တော် လောင်းလှူ နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး နှင့် အလှူငွေပေးအပ်ပွဲကို ဇွန် ၂၅ရက် က မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ် မလွန်ဆန်လှူ သင်းထောက်ဥက္ကဋ္ဌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့် လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မလွန်ဆန်လှူသင်းထောက် နာယကများဖြစ်ကြသည့် ဦးအေးသိန်း၊ ဦးသောင်းကြည်၊ ဦးစိုးဝင်း (စဥ့်ကူ စိုးဝင်း)၊ ဦးမောင်မောင်ကြည်တို့က ဆွေးနွေးကြသည်။

ထို့နောက် နာယကများဖြစ်သည့် ဦးအေးသိန်း၊ ဦးသောင်းကြည်၊ ဦးစိုး ဝင်း၊ ဦးမောင်မောင်ကြည်၊ ရွာမအလယ် စည်းရုံးရေးအဖွဲ့တို့က ကျပ်တစ်သောင်း စီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်လွင်၊ အမှုဆောင်ဦးဝင်းနိုင်၊ ဦးဇော်မြင့်၊ ဦးသိန်းဇော်၊ ဦးသန်းဇော်၊ ဒေါ်တင်တင် ထွေး၊ ဒေါ်ကေသီအောင်၊ ဦးစိုးသန်း၊ ဦးတင်အေး၊ ဦးယဉ်ထွေးနှင့် တညင်း ကုန်းရပ်ကွက် ပိန္နဲကုန်းမြို့သစ် (ဂ) ရပ်ကွက် အမှုဆောင်များက ကျပ် ၅၀၀၀ စီ စုစုပေါင်း ကျပ် ၁၁၅၀၀၀ ပေးအပ်လှူဒါန်းကြသည်။

(၆၁)

အမျိုးသားသုံးမျိုးစုံ အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

အမျိုးသားသုံးမျိုးစုံ အားကစားပြိုင်ပွဲ ကို ဩဂုတ် ၅ ရက်တွင် ကျင်းပမည် ဖြစ်ရာ ရေကူးပြိုင်ပွဲကို ကန်တော်ကြီး ရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။ စက်ဘီးပြိုင်ပွဲနှင့် အပြေးပြိုင်ပွဲများကို ကမ္ဘာအေးစေတီလမ်း၊ ပြည်လမ်းနှင့် မင်္ဂလာဒုံမြို့နယ် ယန္တရားအလုပ်ရုံ ဉာဘက်ခြမ်းမှ ပြန်လှည့်ပြီး နဝဒေး ရပ်ရှင်ရုံ၊ ကမ္ဘာ အေးစေတီလမ်းအတိုင်း ကန်တော်ကြီး ဥယျာဉ်ဝင်ပေါက် ကရဝိက်နန်းတော်ရှေ့၌ ပန်းဝင်ကြမည် ဖြစ်သည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့
ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ
ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၂၆၄၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဂုဏ်ပြုဆုချီးမြှင့်

မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနက တီဘီရောဂါဆေး လှူဒါန်းသော စေတနာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို မုဒုံမြို့နယ် စုပေါင်းရုံးခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (မြို့နယ်ကျန်းမာရေး)

အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်း ကမာရွတ်မြို့နယ်၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက်ပထမဆုရ မောင်ဝေမင်းဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဖုန်း ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **မိုးကုတ်ဆရာတော်ကြီး၏ တရားတော် -သာသနာနှင့်ဆရာကောင်း တွေ့ခိုက်လို့လစိုက်ကြရန်**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် -မိလိန္ဒပြဿနာများ (တတိယနှစ်-အရှေ့တိုင်းပညာ)**
၅:၃၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကဏ္ဍ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လောကခံအတွက် လက်သီးတစ်ချက်" (အပိုင်း-၁၅)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ပိဋကတ်ဉာဏ်ကွန့်မြူး ထူးချွန်သည့် ဆရာတော်**
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၁၁)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် မိုင်းကိုင်နှင့် ပင်လုံမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၉ရက် နံနက်ပိုင်းတွင် မိုင်းကိုင်မြို့မှ ဒေသခံတောင်သူများ၏ မိုးစပါးစိုက်ကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လွိုင်လင်ခရိုင် ပင်လုံမြို့သို့ရောက်ရှိပြီး ပင်လုံမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရွှေတိဂုံပုံတူမဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ပရိဝုဏ်ရှိ ရေကန်တော် ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ရေကန်တော် ရေသွင်းရေထုတ်စနစ်ကောင်းမွန်စေရေး၊ ပဒုမ္မာကြာစိုက်ပျိုးရေးနှင့် လိုအပ်သည်များမှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် စေတီတော်တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တည်ဆောက်ရေးတာဝန်ခံများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စေတီတော်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များစိုက်ပျိုးရေး၊ ရာသီအလိုက်ဖူးပွင့်မည့် အပင်များကို သတ်မှတ်အကွက်ချပုံစံဖြင့် စိုက်ပျိုးရေး ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြို့ ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၈နာရီက မဟာစည်မွေ့ရာရုံကြီးတွင် ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဟိတေသီအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဆောင်ရွက်ပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဟိတေသီအဖွဲ့ ယောဂီများက ဝါဆိုပန်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာ ပါဠိတော်နှင့် ရှစ်လုံးဘွဲ့ ကဗျာများကို ညီညာဖြိုဖြိုရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက ဓမ္မစကြာ တရားတော်များကို ဟောကြားချီးမြှင့်တော်မူသည်။

ထို့နောက် အလှူရှင်များက ဝါဆိုသင်္ကန်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ဆွမ်းပဒေသာအလှူရှင် ဦးသာဌေး-ဒေါ်ကြည်ကြည်ခင်မိသားစု၊ ဗိုလ်မှူးချုပ်ဇော်ဝင်း-ဒေါ်ခင်လေးမြင့် မိသားစုစသော အလှူရှင်များအား ဒေါက်တာတင်မြင့်ခိုင်က ဖတ်ကြားကြေညာ၍ ဂုဏ်ပြုလွှာချီးမြှင့်ပြီး ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ အလှူရှင်များ၏ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (က-ပ)

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့် အဖွဲ့ချုပ်သို့ အလှူရှင်များက အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၅ ခုနှစ် (၁၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း (အမျိုးသား၊ အမျိုးသမီး) စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်သို့ အလှူရှင်များကိုယ်စား ဒေါ်နုနုမြိုင်က ငွေလှူဒါန်းရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် လက်ခံယူစဉ်။ (အား/ကာ)

ဖွင့်ပွဲတွင် ယမန်နှစ် ချန်ပီယံ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က တံခွန်စိုက် ဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြရာ ဝန်ကြီးက လက်ခံပြီး အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်သို့ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဦးစိုးဝင်းနှင့် ဒေါ်ဖြူပြာဝင်း (ရတနာသိင်္ခ်ကုမ္ပဏီ)က အလှူငွေ ကျပ်တစ်သိန်း၊ ဦးတင်ဦးနှင့် ဒေါ်စောသိန်း (အေးကမ္ဘာကုန်စည်ပို့ဆောင်ရေး)က ငွေကျပ်ငါးသောင်း၊ ဦးဗိုလ်ဝင်းနှင့် ဒေါ်ချိုချိုမာ(ပဲခူးမြို့)က ငွေကျပ်ငါးသောင်း၊ ဗိုလ်ကြီးဝင်းနိုင်နှင့် ဒေါ်နုနုမြိုင် (ဟိုက်ဂရိတ် အမျိုးသားဆံသဆိုင်)က ငွေကျပ်ငါးသောင်း၊ ဒေါက်တာ ကျော်နိုင်နှင့် ဒေါ်ခင်သန္တာတို့က ငွေကျပ် ငါးသောင်း၊ ဦးမြင့်ဟန်နှင့် ဒေါ်သဲသဲ (Forturner-အယ်လ်မြူနီယံ) က ငွေကျပ်ငါးသောင်း စုစုပေါင်း အလှူငွေကျပ်သုံးသိန်းငါးသောင်းကို အလှူရှင်များကိုယ်စား ဒေါ်နုနုမြိုင်က ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံယူသည်။

ပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီတွင် ယင်းအားကစား ပြိုင်ပွဲရုံ၌ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း စက်ရုံများနှင့်ဝင်းသူဇာဆိုင်များ စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းသည် ဇူလိုင် ၁၉ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပခုက္ကူမြို့ရှိ ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများပြီးစီးမှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်များစမ်းသပ်လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပခုက္ကူမြို့ အမှတ်(၂) စီးကရက်စက်ရုံ၏ ဗာဂျီနီးယားအအေးခန်း သိုလှောင်ရုံ ငါးခန်းတွဲ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝင်းသူဇာအရောင်းဆိုင် (ပခုက္ကူ)၊ ဝင်းသူဇာအရောင်းဆိုင် (ညောင်ဦး)နှင့် ဝင်းသူဇာအရောင်းဆိုင် (ကျောက်ပန်းတောင်း) တို့သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် မကွေးမြို့ရှိ ဆေးဆိုးပန်းရိုက်စက်ရုံ (မကွေး)သို့ ရောက်ရှိပြီး ဆေးဆိုးပန်းရိုက်အထည်များ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မကွေးအချိုရည်နှင့် ရေခဲစက်ရုံ၊ ဆပ်ပြာစက်ရုံ (မကွေး)၊ ထီးစက်ရုံ (မကွေး)တို့၏ ကုန်ထုတ်လုပ်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်း ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ဘုန်းတော်ကြီးသင်ကျောင်းသို့ အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၂

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ စည်ပင်သာယာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဆရာတော် ဦးကုမာရ၏ စောင့်ရှောက်မှုဖြင့် ပညာသင်ကြားလျက်ရှိသော မိဘမဲ့ကလေးငယ် ၃၇ဦးတို့အတွက် သိမ်ဆိပ်ကျေးရွာမှ ဒေါ်ချောချော၊ ဒေါ်မြင့်မြင့်မော် အမှူးပြုသည့် အလှူရှင်များက ကျောင်းဝတ်စုံ၊ စာအုပ်၊ စာရေးကိရိယာ စသည့် အသုံးအဆောင်များနှင့် တစ်နေ့တာကျွေးမွေးစရိတ် အပါအဝင် အလှူငွေကျပ် ၄၈၂၃၀၀ ကို ဇူလိုင် ၁၇ရက်က လှူဒါန်းရာ ဆရာတော်က သာဓုအနုမောဒနာတရား မြွက်ကြားပြီး အလှူရှင်များအား ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်သည်။ **(အောက်ပုံ)**

ကုသိုလ်ပြု လှူဒါန်းလိုသူများသည် ဆရာတော် ဦးကုမာရ စည်ပင်သာယာကျောင်း သိမ်ဆိပ်ရွာ သထုံမြို့နယ်နှင့် မနီလာဝင်း အမှတ်(၂၇၅/ဘီ) မြေညီထပ် လမ်း (၄၀) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၉၉၀၈၊ ၀၉ ၅၀၀ ၇၈၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇူလိုင် ၂၂

လွန်ခဲ့သော ၂၄နာရီအတွင်းက မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံမြို့တွင် ၇ဒသမ၂၄လက်မ၊ မြစ်ကြီးနားမြို့တွင် ၅ ဒသမ၉၁လက်မ၊ ထားဝယ်မြို့တွင် ၅ဒသမ၀၀လက်မ၊ ရေးမြို့တွင် ၃ဒသမ၄၂လက်မနှင့် မုဒုံမြို့တွင် ၃ ဒသမ ၂၇ လက်မတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၂၃ရက် ညနေထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခေတ္တခဏမျှ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အများအားဖြင့်မုတ်သုံလေ အားကောင်းမည်။

မူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

မန္တလေးမြို့မှ အလှူရှင် မြသီဒါ လက်ဖက်၊ ပဲကြော်၊ ပဲလှော်လုပ်ငန်းပိုင်ရှင် ဦးထွန်းခင်-(ဒေါ်မြသိန်း) မိသားစုက ငွေကျပ် ၁၀၂သိန်း အကုန်အကျခံ၍ ဆောက်လုပ် လှူဒါန်းသော မြသီဒါကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ရက် နံနက် ၁၀နာရီတွင် သာစည်မြို့နယ် သဲကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ပညာ) ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်က ကျောင်းသမိုင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မင်္ဂလာအချိန်တွင် မြသီဒါ ကျောင်းဆောင်သစ်ကို မန္တလေးတိုင်း ပညာရေးမှူး ဦးအောင်သန်းနှင့် အလှူရှင် ဦးထွန်းခင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ထူးချွန်ကျောင်းသားကျောင်းသူများက ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဥရောပကော်မရှင်ကိုယ်စားလှယ်အဖွဲ့အကြီးအကဲ ခန့်အပ်လွှာပေးအပ်



ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာဖရီးဒရစ်ချ်၊ ဟမ်ဘာဂါသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်တို့တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဒေါက်တာဖရီးဒရစ်ချ်၊ ဟမ်ဘာဂါက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်စဉ်။ (ယာပုံ)**နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့အကြီးအကဲ ဒေါက်တာဖရီးဒရစ်ချ်၊ ဟမ်ဘာဂါအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။** (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အီဂျစ်အာရပ်သမ္မတနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၅ ခုနှစ် ဇူလိုင် ၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အီဂျစ်အာရပ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာအာမက်နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး